# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၆၃]


## နိုင်ငံတော်သမ္မတဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒွေါဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်သည်။ (သတင်းစဉ်)

## သတင်းထုတ်လွှင့် ဖြန့်ချိရေးနှင့် သတင်းမီဒီယာများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

သတင်း၊ စာ-၈



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

သတင်း၊ စာ-၃

# ပန်းဥယျာဉ်များမှာ ပန်းတိုင်းပွင့်ပါစေ ကစားကွင်းတိုင်းမှာ ကလေးတွေပြင်းခုံနိုင်ကြပါစေ



ရန်ကုန်မြို့လယ် မဟာဗန္ဓုလ ပန်းခြံ၌ ရုံးပိတ်ရက်များတွင် ပြည်သူများ အပန်းဖြေအနားယူနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ် (သတင်းဆောင်းပါး၊ စာ - ၉)

## အာရပ်နွေဦးအုံကြွမှုဖြစ်စဉ်မှရယူရမည့်သင်ခန်းစာများ

နိုင်ငံတကာရေးရာသုံးသပ်ချက် စာ-၅

## ရောသမမွှေတဲ့အခြေခံဥပဒေ မဖြစ်စေလိုပါ

ဆောင်းပါး စာ-၆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ဖွံ့ဖြိုးမှုအတွက် တွန်းအားများ

(၇)ကြိမ်မြောက်ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် ၄င်းလေးနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ပါဝင်သော (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများကို မြန်မာနိုင်ငံ နေပြည်တော်၌ ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဤသို့ ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်မှုတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်သည် တိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော် သမ္မတဦးသိန်းစိန်က ဇွန် ၂၂ ရက်တွင် ကျင်းပသော စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၌ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့အတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ရာယခုနှစ်ဆိုလျှင် ၁၂နှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုကို အရင်းခံပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း မိမိတို့လေးနိုင်ငံတွင် ပြီးခဲ့သည့် ၁၂နှစ်တာအတွင်း အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပါကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများသည် မိမိတို့လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေသည်သာမက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည့် ကဏ္ဍများဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့အတူ အက်မက်စ်ထိပ်သီးအစည်းအဝေးသည်လည်း ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော ထိပ်သီးအစည်းအဝေးတစ်ရပ်ဖြစ်ပါသည်။ အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် နေပြည်တော်ကြေညာချက်နှင့် ၂၀၁၆-၂၀၁၈ အက်မက်စ်လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ အက်မက်စ် စီးပွားရေးဖိုရမ်တွင် ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည်ဖြင့် အက်မက်စ်ငါးနိုင်ငံမှ ကိုယ်စားပြုတက်ရောက်လာသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြပါသည်။

ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းကာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေး၊ မိတ်ဖက်နိုင်ငံများနှင့်ဆက်ဆံရေး ပိုမိုမြှင့်တင်နိုင်ရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့အတွက် လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပြီ ဖြစ်ပါသည်။

သို့ဖြစ်၍ စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသည် လည်းကောင်း၊ အက်မက်စ်ထိပ်သီးအစည်းအဝေးသည် လည်းကောင်း မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြင့် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှု၊ ကွာဟမှုကျဉ်းမြောင်းလာမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံးအတွက် တိုးတက်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ အခွင့်အလမ်းများ ပိုမိုရရှိရန် တွန်းအားများဖြစ်လာမည်သာဖြစ်ပါကြောင်း ။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊**
**မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**


**စာအုပ်စင်ကဏ္ဍ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ဇယားစာအုပ်

(၂၄-၆-၂၀၁၅)

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းများနှိုင်းယှဉ်ဇယား"** စာအုပ်အား ရောင်းဈေးငွေကျပ် ၈၀၀ ဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြ သည်။

အဆိုပါစာအုပ်ကို အမှတ်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ



စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း- ၀၂-၃၀၁၈၆) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် ဝယ်ယူလိုပါက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် ရေးဆွဲပြုစုပြီးသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း) အပေါ် ဆွေးနွေးနိုင်ရန် အမျိုးသားအဆင့် မြေအသုံးချမှုမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော် MICC II ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မြေယာကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ထားပြီး အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၄၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။**ရှုလိုင်မိုး**



ဇွန် ၂၃ ရက်က ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ အုန်းပင်ဘက်နဒီအောင်မြေရပ်ကွက်ရှိ ဇေတဝန်ကျောင်းတော် ကုသိုလ်ဖြစ်ဆေးခန်း၏ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် သွားဘက်ဆိုင်ရာ ဆရာဝန် များအသင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောဂါဝေဒနာရှင်များအား အခမဲ့ကုသပေးစဉ်။ မြင့်ဦး(ဝါးခယ်မ)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

**ခင်ရတနာ-စုစည်းသည်။**

# အသေးစားစက်မှုလုပ်ငန်းများဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန်းဒါး ဖဲလ်မန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ပို့ဆောင်ရေး၊ စားသောက်ကုန်ထုတ်လုပ်ရေး စသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် အသေးစားစက်မှုလုပ်ငန်းများဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်နှင့်အတူ AIG ကုမ္ပဏီ၊ Chevron ကုမ္ပဏီ၊ Cocacola ကုမ္ပဏီ၊ GE ကုမ္ပဏီ၊ PWC ကုမ္ပဏီ၊ Archer Daniels Midland, Baker and Mc Kenzie, Baxten၊ Citi, Deloitte, Ford, Intel, Jhpiego, Time Warner, Visa တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မျက်စိအခမဲ့ခွဲစိတ် ကုသခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မျက်စိခွဲစိတ် လှူဒါန်းရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းမိသားစုတို့၏ မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းလုပ်ငန်းအတွက် လှူဒါန်းငွေများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင်က ပေးအပ်လှူဒါန်းရာ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းသန်းမြင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသည့် ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့က အခမဲ့ခွဲစိတ်ကုသခြင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး ဆေးပဒေသာပင်စိုက်ထူမည့် အလှူငွေများနှင့် မျက်စိခွဲစိတ်ပေးသည့် မျက်စိဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ နာယကများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များက ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များ**(ဝဲပုံ)**၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

အဆိုပါ မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မျက်စိဝေဒနာရှင် ၁၃၅ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နေပြည်တော်အပါအဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မျက်စိဝေဒနာရှင် ၁၅၅၅ ဦးကို ငွေကျပ် ၃၁၄ သိန်း အကုန်ကျခံ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အသွင်သစ်နှင့် ဇွန်လထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် ဇွန် ၂၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သောသုတပဒေသာစာစောင်ကိုမျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့်စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီးလစဉ်ထုတ်ဝေလျက်ရှိသည်။ အဆိုပါ သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်ဆိုင်အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့်မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ မှာယူနိုင်သည်။ **(မြန်မာ့အလင်း)**

❒ ***ကျောဖုံးမှ***

တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းကို ၂၀၀၅ ခုနှစ် မတ်လတွင် စတင် တည်ထောင်ခဲ့ပြီး အဆိုပါ စီမံကိန်းဧရိယာမှာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ထားဝယ်မြစ်အရှေ့ဘက်ကမ်းမှ ထိုင်း-မြန်မာ နယ်စပ်အထိ ၄၂၀၇၇ ဧက ကျယ်ဝန်းကြောင်း သိရသည်။

ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲမရှိ ပညာသင်ကြားနိုင်စေရန် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ အစိုးရဌာနမှ ဆရာ ဆရာမများ မလုံလောက်သည့် နေရာများတွင် ဆရာ ဆရာမများ ငှားရမ်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ ဆေးပေးခန်းများ ဆောက်လုပ်ပေးခြင်းနှင့် ဆရာဝန်များ လုံလောက်စွာငှားရမ်းပေးခြင်းတို့ကို စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာန တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းမင်းဦးထံမှ သိရသည်။ ဆက်လက်၍ “တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိတဲ့ ရတနာ၊ ရဲတံခွန်၊ ဇောတိက စီမံကိန်းတွေက နေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ နှုန်းနဲ့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅၀၀၀၀ နှစ်စဉ် ထောက်ပံ့ပေးနေပါတယ်။ ဒီလိုရရှိလာတဲ့ ရန်ပုံငွေတွေနဲ့ ဒေသခံတွေရဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်ဖို့ အဆင်ပြေအောင် အရင်က သစ်တောခုတ်တာတွေ၊ အမဲလိုက်တာတွေက ကျေးငှက်တိရစ္ဆာန်ဖမ်းဆီးပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ဒေသခံတွေအတွက် အခြား အသက်မွေးဝမ်းကျောင်း ပြုလုပ်တဲ့နေရာမှာ အဆင်ပြေစေဖို့အတွက် နည်းလမ်းတွေရှာပေးပါတယ်။ ဥပမာ မွေးမြူရေး ပြုလုပ်ချင်သူတွေကို ငွေကြေးမတတ်နိုင်ဘူးဆိုရင် ငွေကြေးအရင်းအနှီး အခက်အခဲ မရှိစေဖို့ ငွေထုတ်ချေးပေးတယ်။ နောက်ပြီး စိုက်ပျိုးရေးလုပ်ချင်တဲ့သူတွေအတွက် စိုက်ပျိုးနည်းစနစ်တွေနဲ့ ဓာတ်မြေဩဇာတွေကို ပံ့ပိုးပေးပါတယ်”ဟု ၎င်းက ပြောကြားသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းရာတွင်လည်း ယခင်က မြေပေါ်တွင် ပိုက်လိုင်းများ သွယ်တန်းပြီး ယခုအခါတွင် မြေအောက်နှစ်မီတာအနက်တွင် ပိုက်လိုင်းများ သွယ်တန်းထားသည့်အတွက် ယင်းမြေပေါ်တွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထို့အပြင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကန်ဘောက်ဒေသတွင် PTTEPI ကုမ္ပဏီမှ Zawtika Operation Center တည်ဆောက်ထားသည့်နေရာတစ်ဝိုက်တွင် ဒေသခံများသွားလာရန် အခက်အခဲရှိသဖြင့် သွားလာရေးအဆင်ပြေစေရန် ခြစ်ရိုးပတ်လမ်းအား အောက်တိုဘာလတွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်းသည် သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သည့် အားလျော်စွာ အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအား နမူနာယူ၍ စီမံကိန်းများ ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတည်ရှိရာ ဒေသများတွင် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန် ဒေသခံများအနေဖြင့် မိမိတို့ဒေသပေါ်တွင် ပိုမိုချစ်ခင်အောင် ပြုလုပ်ခြင်းဖြင့်ဒေသကောင်းကျိုးများစွာရရှိလာမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် ဒေသများအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး ပိုမိုတိုးတက်ကောင်းမွန်စေရန် ပူးပေါင်းပါဝင်စေလိုကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများတွင် သဘာဝကြိုးဝိုင်းအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် သားငှက်တိရစ္ဆာန်များ ဖမ်းဆီးရောင်းဝယ်ခြင်းအား တားမြစ်ထိန်းချုပ်ခြင်း၊ စစ်ဆေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများကို သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးကြိုးဝိုင်းအတွင်းမြစ်ချောင်းများမှ သားငါးဖမ်းဆီးခြင်းကို တားမြစ်ခြင်း၊ တရားမဝင် သစ်ခုတ်လှဲခြင်း၊ ရောင်းဝယ်ခြင်းများအား တားမြစ်ထိန်းချုပ်ခြင်း၊ စစ်ဆေးခြင်း၊ အမဲလိုက်ခြင်း၊ တောင်ယာခုတ်ခြင်းများ မပြုလုပ်ရန် ဆွေးနွေးခြင်း၊ တည်ဆဲဥပဒေများဖြင့် အရေးယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

# ရုရှားနှင့်စစ်လက်နက်ပြိုင်ဆိုင်မှုပြုလုပ်မည် မဟုတ်ဟု နေတိုးတပ်ဖွဲ့ ပြောကြား

**မော်စကို ဇွန် ၂၄**

မဟာမိတ်တပ်ဖွဲ့အနေဖြင့် ရုရှားနှင့် စစ်လက်နက်ယှဉ်ပြိုင်မှုများ ပြုလုပ်လိမ့်မည်မဟုတ်ဟု နေတိုးတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့သော်လည်း ယူကရိန်းအပေါ် ရုရှား၏ ရန်လိုမှုက ၎င်း၏ကာကွယ်ရေးအင်အားကို ပိုမိုခိုင်မာအောင် လှုံ့ဆော်စေခဲ့သည်။



ရုရှားသမ္မတ ဗလာဒီမာပူတင်က မော်စကိုရှိ ၎င်း၏ နျူကလီးယားလက်နက်ရုံ၌ ဒုံးကျည်အစင်း ၄၀ ကို ထပ်မံဖြည့်သွင်းသွားမည် ဟု ပြောဆိုပြီးနောက် မကြာမီ အမေရိကန်က ရုရှားနယ်စပ်ရှိ နေတိုးတပ်ဖွဲ့ဝင် နိုင်ငံများတွင် တင့်ကားများနှင့် လက်နက်ကြီးများကို တပ်ဆင်ထားရှိရန် စီစဉ်နေကြောင်း ယခုအပတ်၌ ကြေညာခဲ့သည်။

ရုရှားအနေဖြင့် ၎င်း၏ နယ်စပ်တစ်ဝိုက်ဖြစ်သည့် ဘောလ်တစ်ဒေသများတွင် စစ်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက် စစ်လက်နက်ပြိုင်ဆိုင်မှုများ ပြုလုပ်လာစေရန် နေတိုးတပ်ဖွဲ့များက တွန်းအားပေးနေသည်ဟု ရုရှားအာဏာပိုင်များက ပြီးခဲ့သည့်အပတ်က စွပ်စွဲခဲ့သည်။

ဘောလ်တစ်ဒေသများဖြစ်သည့် အက်စတိုးနီးယား၊ လစ်သူယေးနီးယား၊ လတ်ဗီးယားဒေသများသာမက ဘူလ် ဂေးရီးယား၊ရိုမေးနီးယားနှင့် ပိုလန် တို့ကလည်း အမေရိကန်တို့၏ စစ် လက်နက်နှင့် လက်နက်ကြီးများ တပ်ဆင်မှုကို လက်ခံဆောင်ရွက်ရန် သဘောတူညီကြောင်း အမေရိကန် ကာကွယ်ရေး ဝန်ကြီးအက်ရှ် ကာတာက နေတိုးအဖွဲ့ဝင် ဝန်ကြီးများအစည်းအဝေး၌ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# အော်စကာဆုရှင် တေးရေးဆရာ ဂျိမ်းစ်အော်နာ လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်

**လော့စ်အိန်ဂျလိစ် ဇွန် ၂၄**

တိုက်တန်းနစ်ရုပ်ရှင်ကား ဇာတ်ဝင်တေးသီချင်း "ငါ့နှလုံးသားက ဆက်လက်ရှင်သန်နေမှာပါ" ဖြင့် အော်စကာဆုရရှိခဲ့သူ အမေရိကန် သီချင်းရေးဆရာ ဂျိမ်းစ်အော်နာသည် တနင်္လာနေ့က ကယ်လီဖိုးနီးယားတောင်ပိုင်း၌ လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

အော်နာ၏ ကိုယ်ရေးအရာရှိဖြစ်သူ ဆာလ်ဗီးယားပက်ထရစ်ရှာက ၎င်းသေဆုံးမှုကို ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အတည်ပြုပြောကြားခဲ့ပြီး "ကျွန်မတို့ဟာ တကယ်ကို အံ့ဩစရာကောင်းတဲ့နှလုံးသားပိုင်ရှင်ကို ဆုံးရှုံးခဲ့ရတာပါ။ သူဟာ မယုံနိုင်လောက်အောင် ပါရမီထူးရှိသူတစ်ယောက်ပါ။ သူဟာ သူချစ်မြတ်နိုးတဲ့အလုပ်ကိုလုပ်နေရင်း သေဆုံးသွားရတာပါ"ဟု ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုသည်တနင်္လာနေ့နံနက် ၉ နာရီခွဲခန့်က စန်တာဘာဘရာရှိ လော့ဒ်ပါဒရက်စ်အမျိုးသား သစ်တောထဲ၌ အကြောင်းရင်းရှာမရဘဲ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပျက်ကျသည့် အရှိန်ကြောင့် ချိုင့်ကြီးတစ်ခုဖြစ်ပေါ်ကာ ချုံပုတ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမားများ ရောက်ရှိခဲ့ကြပြီး မီးငြိမ်းသတ်ခဲ့ရကြောင်း ဒေသတွင်း မီးသတ်ဌာနက ပြောသည်။

လေယာဉ်မောင်းသူတစ်ဦးတည်း လိုက်ပါလာသော $S_3$ 12 Tucano $MK_1$ လေယာဉ်အမျိုးအစားဖြစ်ကြောင်း လေကြောင်းအုပ်ချုပ်ရေးအဖွဲ့မှ အန်းဂရီဂေါ်က ပြောသည်။ အော်နာ၏ရှေ့နေဂျေးကူးပါးကမူ အဆိုပါလေယာဉ်မှာ အော်နာပိုင်ဆိုင်သည့် လေယာဉ်ဖြစ်ကြောင်း ဖျော်ဖြေရေးစာစောင်ဖြစ်သော Variety သို့ ပြောခဲ့သည်။

အသက် (၆၁ နှစ်)ရှိ အော်နာသည် ဂျိမ်းစ်ကင်မရွန်းရိုက်ကူးခဲ့သော တိုက်တန်းနစ်နှင့် အဗာတာဇာတ်ကားနှစ်ကားတွင် ဇာတ်ဝင်သီချင်းများကို ရေးပေးခဲ့သည်။ ၎င်းသည် အကယ်ဒမီဆုနှစ်ဆုရရှိခဲ့ပြီး တစ်ခုမှာ တိုက်တန်းနစ်ဇာတ်ကားအတွက် တေးသွားဆုနှင့် အခြားတစ်ဆုမှာ ဆလင်းဒီယွန် သီဆိုဖျော်ဖြေသော "ငါ့နှလုံးသားက ဆက်လက်ရှင်သန်နေမှာပါ" သီချင်းစာသားအတွက် ဝဲလ်ဂျင်းနီးစ်နှင့် ပူးတွဲဆုရရှိခဲ့ခြင်းဖြစ်သည်။

အော်နာသည် A beautiful Mind, Braveheart, Troy, Apollo 13 နှင့် အခြားရုပ်ရှင်ဇာတ်ကားများအတွက် တေးသွားများ ဖန်တီးခဲ့သူလည်း ဖြစ်သည်။

**(ဆင်ဟွာ)**



# ပြီးခဲ့သည့်နှစ်အတွင်း တရုတ်၌ မူးယစ်ဆေးသုံးသယရှိသူ ၁၆၉၀၀၀ အား ဖမ်းဆီးနိုင်ခဲ့

**ပေကျင်း ဇွန် ၂၄**

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်း မူးယစ်ဆေးဝါးသုံးသယရှိသူပေါင်း ၁၆၉၀၀၀ ဖမ်းဆီးခဲ့ရာ ၆၀ ရာခိုင်နှုန်းမှာ အသက် ၃၅ နှစ်အောက်ရှိ လူငယ်များဖြစ်ပြီး ၉၀ ရာခိုင်နှုန်းနီးပါး အလယ်တန်းပညာရေးဆုံးခန်းတိုင်အောင် တက်ရောက်နိုင်ခြင်း မရှိကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးမှောင်ခိုမှုသည် လျင်မြန်စွာ ကြီးထွားလာကြောင်း၊ အဖွဲ့အစည်းများနှင့် အသက်မွေးဝမ်းကျောင်းသဖွယ် လုပ်ကိုင်လာကြကြောင်း တရုတ်အစိုးရက ပထမဆုံးအကြိမ်ထုတ်ဝေသည့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုမှုများသည် လူ၏ခန္ဓာကိုယ်အတွင်းပိုင်းနေရာများ၊ မော်တော်ယာဉ်စက်အစိတ်အပိုင်းများအပြင် အွန်လိုင်းမှတစ်ဆင့် မူးယစ်ဆေးဝါးမှောင်ခိုမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြောင်းဖြင့်လည်း ၎င်းအစီရင်ခံစာက ဖော်ပြထားသည်။

အဆိုပါဖမ်းဆီးထားသော မူးယစ်ဆေးဝါး သုံးသယရှိသူများသည် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် လူမှုအလွှာစုံမှ ဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှုမရှိသောဒေသများမှ အလုပ်အကိုင်မရှိသူများဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံက ၂၀၁၄ ခုနှစ်အကုန် မူးယစ်ဆေးစွဲသူ ၂ ဒသမ ၉၅ သန်း မှတ်ပုံတင်ထားသော်လည်း အမှန်တကယ် မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက် မှာ ၁၄ သန်း ကျော်ရှိကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

**(ဆင်ဟွာ)**

# ဗီယက်နမ် စီးပွားရေး ငါးနှစ်အတွင်း အမြင့်ဆုံးတိုးတက်

**ဟနွိုင်း ဇွန် ၂၄**

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၁၅ခုနှစ် ပထမနှစ်ဝက်အတွင်း နှစ်အလိုက် ၆ ဒသမ ၁၁ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ယင်းမှာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အလားတူကာလအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန (အမ်ပီအိုင်)က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါ စာရင်းဇယားများကို ဗုဒ္ဓဟူးနေ့က ကျင်းပသော ဗီယက်နမ်၏ ထုတ်လုပ်ရေးနှင့် စီးပွားရေးအခြေအနေဆိုင်ရာ အစည်းအဝေး၌ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ခြောက်လတာစီးပွားရေးတိုးတက်မှုနှုန်းသည် ပြန်လည်ကောင်းမွန်သည့် လမ်းကြောင်းပေါ် ရောက်ရှိနေကြောင်း အမ်ပီအိုင် အမျိုးသားစီးပွားရေးဖွံ့ဖြိုးရေးဌာနအကြီးအကဲ ငုယင်ဖူဟာက ပြောသည်။

စက်မှုဆောက်လုပ်ရေးကဏ္ဍမှာ သိသိသာသာ တိုးတက်ခဲ့ရာ နှစ်အလိုက် ၈ ဒသမ ၃၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုအတောအတွင်း ဝန်ဆောင်မှုကဏ္ဍတိုးတက်မှုသည် ၆ ဒသမ ၁၆ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းတိုးတက်မှုမှာ ၂ ဒသမ ၁၆ ရာခိုင်နှုန်း နှစ်အလိုက်တိုးတက်လာဖွယ်ရှိကြောင်း အဆိုပါ အမ်ပီအိုင်တာဝန်ရှိသူက ပြောသည်။

**(ဆင်ဟွာ)**

# ဟောင်ကောင် ဒီမိုကရေစီရရှိရေးလှုပ်ရှားမှု အဆုံးသတ်

**ဟောင်ကောင် ဇွန် ၂၄**

ဟောင်ကောင်အာဏာပိုင်များသည် အစိုးရဌာနချုပ်အနီးချထားသည့် ဒီမိုကရေစီထောက်ခံသူတို့၏ စခန်းများကို ကြာသပတေးနေ့က ရှင်းလင်းခဲ့ရာ ကိုးလကြာချီတက်ဆန္ဒပြမှုများ အဆုံးသတ်ခဲ့ရသည်။



ပေကျင်း ကွန်မြူနစ်ပါတီခေါင်းဆောင်များအတွက် ဆယ်စုနှစ်များစွာကြာအောင် အကြီးမားဆုံးနိုင်ငံရေးစိန်ခေါ်မှုတစ်ရပ် ဖြစ်စေခဲ့သည့် အဆိုပါ ဆန္ဒပြလှုပ်ရှားမှုသည် စက်တင်ဘာ ၂၈ ရက်က ပြန်လည်စတင်ခဲ့ရာ ဆန္ဒပြလှုပ်ရှားသူ ထောင်ပေါင်းများစွာတို့သည် ဒီမိုကရေစီ အပြည့်အဝ ရရှိရေးအတွက် မြို့လယ်လမ်းမများပေါ်၌ စုရုံးဆန္ဒပြခဲ့ကြသည်။

ဒီဇင်ဘာလလယ်လောက်တွင် ဟောင်ကောင်ရဲများက ဆန္ဒပြသူများ၏ စခန်းချရာ နေရာတော်တော်များများကို ရှင်းလင်းခဲ့သော်လည်း ဗုဒ္ဓဟူးနေ့ မတိုင်မီအထိ ပလက်ဖောင်းပေါ်တွင် ရွက်ဖျင်တဲစုများ ကျန်ရှိနေသေးသည်။

ဆန္ဒပြလှုပ်ရှားသူများ အနေဖြင့် လာမည့် ၂၀၁၇ တွင် တင်မြှောက်မည့် ခေါင်းဆောင်အတွက် ဒီမိုကရေစီအပြည့်အဝရရှိရေး မဲပေးခွင့် ရှုံးနိမ့်သွားပြီဖြစ်သည်။

ဟောင်ကောင်ဥပဒေပြုလွှတ်တော်က ပေကျင်း ကျောထောက်နောက်ခံပြုထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်အား ဗီတိုအာဏာဖြင့် ပယ်ချခဲ့ပြီး ခြောက်ရက်အကြာတွင် ဆန္ဒပြလှုပ်ရှားမှုများကို ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေကျင်းထောက်ခံသော ဥပဒေပြုဌာန်းသူများသည် အရှုပ်အထွေးများကြားတွင် နောက်ဆုံးချိန်အထိ တရုတ်ကွန်မြူ နစ်ခေါင်းဆောင်များကို နောက်ဆုတ်သွားစေမည့် မဲပေးမှုမျိုး မပြုလုပ်နိုင်ခဲ့ပေ။

လမ်းမပေါ်ဆန္ဒပြမှုများ လျော့နည်းသွားသော်လည်း အစွန်းရောက်ထောက်ခံသူများနှင့် ဒေသခံများသည် ဟောင်ကောင်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန် ဆက်လက်တောင်းဆိုလျက်ရှိသည်။

ဒီမိုကရေစီအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း အသက် ၅၁ နှစ်အရွယ်ရှိ ဘန်နီမန့်က ပြောသည်။ ဟောင်ကောင်သည် ပို၍ကောင်းမွန်သော အခြေအနေနှင့် ထိုက်တန်ကြောင်း ၎င်းကပြောသည်။

**(ရိုက်တာ)**

# အာရပ်နွေဦးအုံကြွမှုဖြစ်စဉ်မှ ရယူရမည့်သင်ခန်းစာများ

**ထွန်းတောက်**



**ဒီမိုကရေစီရှေ့ပြေးနိမိတ်ပေလား**

နိုင်ငံရေးပညာရှင်အချို့က အာရပ်နွေဦးအုံကြွမှုများကို ဒီမိုကရေစီရှေ့ပြေးနိမိတ်ဟု မှတ်ယူခဲ့မှုသည်မှာ မှားယွင်းမှုတစ်ခုသာဖြစ်သည်ဟု ဝေဖန်သုံးသပ်ကြသည်။ အာရပ်နွေဦးအုံကြွမှုသည် ဒီမိုကရေစီစနစ်ကို ဆောင်ကြဉ်းမလာဘဲ ဖရိုဖရဲပြိုကွဲမှုကိုသာ ယူဆောင်လာခဲ့သည်ဟု နိုင်ငံရေးပညာရှင်အချို့က ဝေဖန်ပြောဆိုကြသည်။

အရှေ့အလယ်ပိုင်းဒေသသားများသည် လူမျိုးရေး၊ ဘာသာရေး၊ ဂိုဏ်းဂဏအားပြိုင်မှုများ ပြင်းထန်နေကြပြီးသည်းခံခွင့်လွှတ်စိတ်များ ကင်းမဲ့နေသည့်အတွက် ပင်ကိုသဘာဝကိုက ငြိမ်းချမ်းတည်ငြိမ် မျှတမှုရှိသည့် ဒီမိုကရေစီစနစ်ကို မဖော်ဆောင်နိုင်ကြခြင်းဖြစ်သည်ဟု ဝေဖန်သုံးသပ်သူများလည်းရှိသည်။

၂၀၁၁ ခုနှစ်နေ့ရက်များ၌ အာရပ်ပြည်သူများသည် လမ်းပေါ်ထွက်၍ အုံကြွဆန္ဒပြခဲ့ကြကာ လူထုအားဖြင့် အာဏာရှင်စနစ်ကို ဖြိုလှဲပစ်ခဲ့ကြသော်လည်း ယနေ့အချိန်၌ ပြည်သူတို့၏ဘဝသည် တိုးတက်ကောင်းမွန်မလာဘဲ မတည်ငြိမ်မှု၊ မဖွံ့ဖြိုးမှု၊ တရားဥပဒေမစိုးမိုးမှုစသည်များဖြင့်သာ များသောအားဖြင့် တွေ့ကြုံနေကြရပြီး ပြည်သူတို့၏ ဘဝအခြေအနေများမှာ ပိုမိုဆိုးရွားလာနေသည်ကို အမှန်အတိုင်းပင် တွေ့ရှိနေရပေပြီ။

အာရပ်နွေဦးအုံကြွမှုမှ သင်ခန်းစာယူရမည့် အောက်ပါအချက်လေးရပ်ကို နိုင်ငံရေးလေ့လာသူတို့က ဖော်ပြထားသည်။

**အမှတ်(၁)သင်ခန်းစာ**မှာ နွေဦးအုံကြွမှုသည် စီစဉ်ထားသည့်ပြိုင်ပွဲ (event) တစ်ခုမဟုတ်ဘဲ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲလာသည့် ဖြစ်စဉ် (Process) တစ်ခုမျှသာဖြစ်သည်ဟု သုတေသီတို့က ပြောဆိုသည်။

နွေဦးအုံကြွမှုများ ဖြစ်ပေါ်ခဲ့သော်လည်း လူ့မလိုင်အထက်တန်းလွှာများနှင့် စစ်ဘက်၏ထောက်ကူပေးမှုကြောင့် အာဏာရှင်စနစ်များ ယနေ့တိုင်ချုပ်ငြိမ်းသွားမှုမရှိသေးပေ။ ဥပမာအားဖြင့် ဆီးရီးယားအာဏာရှင်အာဆတ်သည် ၄င်း၏အာဏာဆက်လက်တည်တံ့ခိုင်မြဲစေရန်အတွက် သိန်းချီသော ဆီးရီးယားပြည်သူများကို ချေမှုန်းနှိပ်ကွပ်ခဲ့သော်လည်း စစ်ဘက်၏ ထောက်ကန်ထားမှုဖြင့် ဆက်လက်ရှင်သန်လျက်ရှိသည်။

အနောက်ကမ္ဘာခေါင်းဆောင်များသည် ပွင့်သစ်စဒီမိုကရေစီစနစ်များကို အားပေးထောက်ခံလိုစိတ်ပြင်းပြနေကြသော်လည်း မိတ်ဆွေဟောင်းအာဏာရှင်များကိုလည်း မစွန့်ပစ်ရဲကြဘဲ စိတ်နှစ်ခွ ဖြစ်ပေါ်နေခဲ့ကြသည်။

အာဏာရှင်စနစ်များအောက်တွင် ဆယ်စုနှစ်များစွာ နှိပ်ကွပ်ခံခဲ့ရသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဒီမိုကရေစီလူ့အခွင့်အရေးနှင့် ကိုယ်ကျိုးစွန့်လွှတ်မှုများမှာ နေ့ချင်းညချင်း ဖြစ်ပေါ်မလာနိုင်ဘဲ၊ မျိုးဆက်သစ်များစွာ အချိန်ယူ၍ ကြိုးပမ်းအားထုတ်ရခြင်းသာဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက အာရပ်နွေဦးအုံကြွမှုမှသင်ခန်းစာများ ထုတ်ပြကြသည်။

**အမှတ်(၂)သင်ခန်းစာ**မှာ နွေဦးအုံကြွမှုဖြစ်စဉ်သည် ပုံသေနည်းခိုင်ခိုင်မာမာ မရှိခြင်းပင်ဖြစ်သည်ဟု သုတေသီများက ဝေဖန်ထောက်ပြကြသည်။ အုံကြွမှုဖြစ်ပေါ်ရသော အကြောင်းတရားများမှာ မတူညီသကဲ့သို့ ဖြစ်ပေါ်သော အကျိုးတရားများမှာ ကွဲပြားနေသည်။

ဥပမာအားဖြင့် တူနီးရှားနိုင်ငံ အာရပ်နွေဦးအုံကြွမှုတွင် တပ်မတော်သည် အာဏာရှင်ကို မထောက်ခံဘဲ စွန့်ခွာ၍ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားမှုမပြုတော့ဘဲ တိတိကျကျ ကြားနေကာ အမျိုးသားနိုင်ငံရေးကိုသာ ဆောင်ရွက်ခဲ့သည်။

အီဂျစ်နိုင်ငံ၌ အခြေအနေမှာ ပြောင်းပြန်ဖြစ်သည်။ အီဂျစ်တပ်မတော်သည် နှစ်ကြိမ်တိုင်မျှ လူထုအုံကြွမှုတွင် ပါဝင်ပတ်သက်ခဲ့ရပြီး အာဏာရှင် မူဘာရက်နှင့် အစ္စလာမ့်စ်ဝါဒီသမ္မတ မော်စီကို ဖယ်ရှားပစ်ခဲ့ကာ အိမ်စောင့်အစိုးရကို ဖွဲ့စည်းပေးခဲ့ရသည်။

သို့သော် အီဂျစ်တပ်မတော်သည် နိုင်ငံ၏အာဏာကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းချုပ်နိုင်ခဲ့သော်လည်း ဒီမိုကရေစီစနစ် ကြီးထွားဖွံ့ဖြိုးခိုင်မာစေရန် တပ်မတော်က ထောက်ကူပေးနိုင်သည်ဟူသော အယူအဆတစ်ရပ်မှာ သံသယဖြစ်ဖွယ်ရှိနေပါသည်ဟု နိုင်ငံရေးသုတေသီတို့က ဆိုသည်။

လစ်ဗျားအုံကြွမှု၏ထူးခြားချက်မှာ အနောက်ကမ္ဘာနှင့်နေတိုးစစ်မဟာမိတ်အဖွဲ့က ကြားဝင်စွက်ဖက်ခဲ့သည့်အတွက် အာဏာရှင်ကဒါဖီနှင့် ၄င်း၏လုံခြုံရေးတပ်ဖွဲ့မှာ အချိန်တိုအတွင်း ချုပ်ငြိမ်းသွားခဲ့သည်မှန်သော်လည်း ယနေ့တိုင်ပင်ဖရိုဖရဲ ဝရုန်းသုန်းကားဖြင့် ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားနေပြီး ပြိုကွဲသော နိုင်ငံတစ်ရပ်အဖြစ်ကျရောက်လျက်ရှိနေဆဲဖြစ်သည်။

ဆီးရီးယားအုံကြွမှု၌ အနောက်ကမ္ဘာက ကြားဝင်စွက်ဖက်ရန် စိတ်မဝင်စားဘဲ ဒေသတွင်းအင်အားစုများက ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သေးဘဲ လူပေါင်းသိန်းချီ၍ သေဆုံးနေရပြီး လူသန်းပေါင်းများစွာ စစ်ပြေးဒုက္ခသည်များအဖြစ် ဒုက္ခပင်လယ်ဝေလျက်ရှိကာ ဆီးရီးယားနှင့်အီရတ်တွင် ရက်စက်ကြမ်းကြုတ်သော အစ္စလာမ့်စ်နိုင်ငံ အိုင်အက်စ်အစွန်းရောက်အဖွဲ့သာ ထိန်းမနိုင်သိမ်းမရအင်အားကြီးထွားလာနေကြပြီး ဆီးရီးယားနှင့်အီရတ်မြို့ကြီးများစွာကိုသိမ်းပိုက်၍ တရားမဝင် ကာလီဖိတ်အစ္စလာမ့်စ်အင်ပါယာနိုင်ငံကြီး ထူထောင်ထားသည်။ အမေရိကန်နှင့် ညွန့်ပေါင်းမဟာမိတ်အဖွဲ့၏ အိုင်အက်စ်များအပေါ် လေကြောင်းစစ်ဆင်ရေးမှာ ကိုးလကြာမြင့်ပြီဖြစ်သော်လည်း အိုင်အက်စ်အဖွဲ့မှာ ဆက်လက်အင်အားကြီးထွားနေဆဲဖြစ်သည်။

အာရပ်နွေဦးအုံကြွမှု၏သိသာထင်ရှားသော အကျိုးဆက်မှာ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသများတွင် အိုင်အက်စ်ကဲ့သို့သော ရက်စက်သည့် အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့များ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

**အမှတ်(၃)သင်ခန်းစာ**မှာ အာရပ်ကမ္ဘာတွင် လူ့အဖွဲ့အစည်း၏ ပင်မနိုင်ငံရေးရေစီးကြောင်း (Mainstream) အတွင်း၌ လှုပ်ရှားရုန်းကန်ပြီး တည်ငြိမ်ဖွံ့ဖြိုးမှုကို အလိုရှိကြသည့် အစ္စလာမ့်စ်ဝါဒီများနှင့် အစွန်းရောက်ဝါဒီတို့ကြား အားပြိုင်မှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိနေရသည်။ အစွန်းရောက်ဝါဒီများကို အပြီးသတ်ဖယ်ရှားနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ရမည့် အနေအထားတွင်ရှိနေသည်။

တူနီးရှားအစ္စလာမ်ဝါဒီတို့သည် ၄င်းတို့တစ်ဦးတည်းဖြင့်နိုင်ငံကို အုပ်ချုပ်နိုင်စွမ်းမရှိကြောင်း နားလည်သဘောပေါက်ခဲ့ကြသည်။

ရွေးကောက်ပွဲ၌အနိုင်ရရှိခဲ့သည့် မွတ်စလင်ညီနောင်များအဖွဲ့ အီဂျစ်အစ္စလာမ့်စ်ဝါဒီတို့သည် အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ် နိုင်ငံရေးသမားများအား အထင်သေးစွာဆက်ဆံခဲ့ပြီး အမှားများပြုလုပ်ခဲ့ကြမှုကြောင့် ပေးဆပ်လိုက်ရသည့်တန်ဖိုးမှာ ကြီးမားခဲ့ရခြင်းဖြစ်သည်ဟု သုတေသီတို့က ဝေဖန်ထောက်ပြကြသည်။

အီဂျစ်အစ္စလာမ်ဝါဒီတို့သည် ပြည်သူတို့၏ရွေးကောက်တင်မြှောက်မှုဖြင့် နိုင်ငံ့အာဏာကိုရရှိခဲ့သော်လည်း ပြည်သူတို့၏ အကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လွန်းခဲ့သည့်အတွက် ကျဆုံးခဲ့ရခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက ဝေဖန်ထောက်ပြကြသည်။

အာရပ်ကမ္ဘာတွင် ဒီမိုကရေစီအုံကြွမှုသည် မည်သည့် ရည်မှန်းချက်ပန်းတိုင်ကိုမျှ မရောက်နိုင်သည့် အဆုံး၌ သာယာလှပသောကမ္ဘာကြီးကို တည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်မှုအစွန်းရောက် နည်းလမ်းသည်သာ အကောင်းဆုံးဖြစ်သည်ဟူသော အယူအဆကို ကိုင်စွဲသူများလည်းဒုနှင့်ဒေးရှိနေပေသည်။

**စတုတ္ထသင်ခန်းစာ**မှာ လူထုအင်အားသက်သက်ဖြင့် မင်းဆိုးမင်းညစ်အာဏာရှင်များကို မဖယ်ရှားနိုင်ခြင်းပင် ဖြစ်သည်ဟု သုံးသပ်သူများရှိနေသည်။

ထိုစဉ်က အီဂျစ်ထာမရော့ဒ် လူထုလှုပ်ရှားမှု၌ ပြည်သူတစ်သန်းကျော်၏ လက်မှတ်များရယူကာ အစ္စလာမ့်စ်ဝါဒီသမ္မတ မော်စီ ရာထူးမှနုတ်ထွက်ပေးရန် ပြည်သူသန်းပေါင်းများစွာ လမ်းပေါ်ထွက်၍ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

သို့သော် လူထုအင်အားသက်သက်ဖြင့် အစ္စလာမ့်စ်ဝါဒီအစိုးရကို အာဏာမှ ဖယ်ရှားပစ်နိုင်ခဲ့ခြင်းမရှိဘဲ အီဂျစ်တပ်မတော်မှ ဝင်ရောက်ကူညီမှုဖြင့်သာ သမ္မတမော်စီကို ဖယ်ရှားနိုင်ခဲ့ခြင်းဖြစ်သည်။

အိုင်တီနည်းပညာ လူမှုရေးကွန်ရက် နည်းပညာများ၏အကူအညီဖြင့် လူထုအင်အားပြလှုပ်ရှားမှုများသည် နိုင်ငံတကာ၌ ခေတ်စားလာသည်။

အာရပ်နွေဦးအုံကြွမှုမှ သင်ခန်းစာယူစရာများကို ခြုံငုံ၍လေ့လာကြည့်လျှင် ပြည်သူတို့၏ မကျေမနပ်ဆန္ဒပြမှုသည် အမှန်တကယ်ပင် ရေရှည်ခံသည့် အနှစ်သာရရှိသော ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်ပါမည်လားဟု မေးခွန်းထုတ်စရာများရှိနေသည်ဟု နိုင်ငံရေးပညာရှင်တို့က ဝေဖန်သုံးသပ်သည်။







*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ရောသမမွှေတဲ့အခြေခံဥပဒေ မဖြစ်စေလိုပါ

**အောင်နိမိတ်(အမျိုးသားညီလာခံ)**

၁၁-၆-၂၀၁၅ ရက်နေ့နဲ့ ၁၂-၆-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေထဲမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတွေပါလာပြီး ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ကြောင်း တွေ့ရလို့ စိတ်ဝင်စားမိပါတယ်။ အဲဒီဥပဒေကြမ်းကိုဖတ်ရင်းဖတ်ရင်းနဲ့ ရင်ထဲမှာဝေဒနာတစ်မျိုး ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေချမှတ်တုန်းက တစ်ထောင့်တစ်နေရာက ကိုယ်တိုင်ပါဝင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီမူကြမ်းတွေပါလာပြီး မကြာပါဘူး၊ ၁၄-၆-၂၀၁၅ ရက်နေ့မှာဆောင်းပါးရှင် “ရန်ကင်း”၊ ၁၅-၆-၂၀၁၅ ရက်နေ့မှာ ဆောင်းပါးရှင် “မောင်သုတ(ဥပဒေ) ”နဲ့ ၁၇-၆-၂၀၁၅ ရက်နေ့မှာ ဆောင်းပါးရှင်“ မောင်မင်းခေါင်” တို့ရဲ့ ဆောင်းပါးတွေပါလာလို့ ဖတ်လိုက်ရတဲ့အခါ ကိုယ်လည်း ရင်ထဲကပြောချင်တဲ့ စကားတွေကို ရေးလိုက်ရမှ နေသာထိုင်သာရှိတော့မယ်လို့ ယူဆလို့ အခုလို ရေးလိုက်ရတာဖြစ်ပါတယ်။

မောင်သုတ(ဥပဒေ)ရေးသလိုပါပဲ။ တကယ်တော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အချိန်ယူရေးဆွဲခဲ့တဲ့ ဥပဒေပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေသဘာဝ၊ ပထဝီအနေအထား၊ သမိုင်းကြောင်းတွအပေါ် အခြေခံပြီး လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အခြေခံဥပဒေပါ။ ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိုအပ်တဲ့ အခြေခံမူတွေ ချမှတ်မယ်။ အဲဒီလိုအခြေခံမူတွ ချမှတ်နိုင်ဖို့ဆိုရင် အမျိုးသားညီလာခံကြီးတစ်ရပ် ကျင်းပဖို့လိုမယ်။ အဲဒီအတွက် အမျိုးသားညီလာခံခေါ်ယူကျင်းပရေးအတွက် အဲဒီတုန်းက တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်ခေါင်းဆောင်တွေနဲ့ တစ်သီးပုဂ္ဂလရွေးချယ်ခံထားရတဲ့ကိုယ်စားလှယ်တွေ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပြီးတော့မှ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့တာပါ။ အမျိုးသားညီလာခံကို ဦးတည်ချက် ၆ ရပ်နဲ့ ကျင်းပခဲ့တာဖြစ်ပြီး အဲဒီဦးတည်ချက် ၆ ရပ်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ “နိုင်ငံတော်အခြေခံမူများ” အခန်း ခေါင်းစဉ်အောက်မှာ ပါဝင်တဲ့ ပုဒ်မ ၆ ပါ အခြေခံမူများပဲ ဖြစ်ပါတယ်။

> **‘ အချိန်ကာလအလျောက် ပြင်ချိန်တန်ရင်ပြင်ရမှာက သဘာဝတရားပါ။ ဒါပေမယ့် ပြင်သင့်ပြင်ထိုက်တာကို စနစ်တကျ ပြင်သင့်ပါတယ်။ မူလဥပဒေပါစကားရပ်တွေ၊ ပြဋ္ဌာန်းချက်တွေနဲ့ ရှေ့နောက်ညီညွတ်မှုရှိ-မရှိ၊ ရေးနည်း ရေးထုံးမှန်-မမှန်၊ မူလအခြေခံဥပဒေတွေနဲ့ ဆီလျော်မှုရှိ-မရှိဆိုတာတွေကို အသေးစိတ် လေ့လာဆန်းစစ်သင့် ’**

အမျိုးသားညီလာခံကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၁၀၇ ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၁၅ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမား ကိုယ်စားလှယ် ၄၈ ဦး၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ် ၄၁ ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၉၂ ဦးနဲ့ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ် ၅၇ ဦး စုစုပေါင်း အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦးနဲ့ စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီညီလာခံမှာ ရှေးဦးစွာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိသင့်တဲ့ အခန်းအလိုက် ခေါင်းစဉ်တွေကို သတ်မှတ်ခဲ့ကြပြီး အခြေခံရမယ့် မူ ၁၀၄ ချက်အပေါ် အခြေခံပြီး အခန်းခေါင်းစဉ်အသီးသီးမှာ ပါရှိရမယ့် အသေးစိတ်အခြေခံရမယ့်မူများကို ခေါင်းချင်းရိုက်ဆွေးနွေးပြီးမှ စနစ်တကျ ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလိုနဲ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံရေးပါတီများ၊ ရွေးကောက်ခံကိုယ်စားလှယ်များနဲ့ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးညှိနှိုင်းလာကြကာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးမှာ ပါဝင်မယ့် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်နိုင်ဖို့ အကြံပြုချက်စာတမ်းတွေ ဖတ်ကြားတင်ပြတဲ့ အဆင့်ကိုရောက်လာခဲ့ပါတယ်။ အဲဒီလို အမျိုးသားညီလာခံ ကျင်းပနေဆဲကာလမှာ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်များကို ကျေနပ်လက်ခံလာကြလို့ ဥပဒေဘောင်အတွင်း ရောက်ရှိလာကြတဲ့ အဖွဲ့အစည်းအချို့တို့ကလည်း အမျိုးသားညီလာခံကို သူတို့ရဲ့ကိုယ်စားလှယ်များ စေလွှတ်ပြီး တက်ရောက်စေခဲ့တဲ့အတွက် ပိုမိုကျယ်ပြန့်တဲ့သဘော ဆောင်လာပါတယ်။

အဲဒီအချိန်မှာပဲ အမျိုးသားညီလာခံမှာတက်ရောက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၁ ဦးဟာ ညီလာခံနဲ့မဆိုင်တဲ့ နိုင်ငံတော်အစိုးရနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုတာ မရလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နဲ့ ၃၀ ရက်နေ့တို့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံကို မတက်ရောက်တော့ဘဲ ညီလာခံကိုယ်စားလှယ်များရဲ့ တည်းခိုဆောင်များမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီလို အမျိုးသားညီလာခံ သဘာပတိအဖွဲ့ရဲ့ ကြိုတင်ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ဖို့ ပျက်ကွက်ခဲ့တဲ့အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၊ (ဃ)နဲ့ (င) တို့ကို ဖောက်ဖျက်ရာရောက်လို့ အပိုဒ် ၄၈ နဲ့ အပိုဒ် ၄၉ တို့အရ အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းခဲ့ရပါတယ်။ အဲဒီလို ရုပ်သိမ်းခဲ့ပေမယ့် ကျန်ရှိတဲ့ကိုယ်စားလှယ်တွေနဲ့ကျင်းပဆဲ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပပြီး ၁၉၉၆ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ အမျိုးသားညီလာခံကို ရပ်နားခဲ့ရပါတယ်။

အဲဒီနောက် ယာယီအားဖြင့် ဆိုင်းငံ့ထားတဲ့ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့ပါတယ်။ အဲဒီလို ပြန်လည်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၁၃ ဦး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ၆၃၃ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမား ကိုယ်စားလှယ် ၄၈ ဦး၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ် ၅၆ ဦး၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၁၀၉ ဦးနဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ၁၀၅ ဦး စုစုပေါင်း ၁၀၈၆ ဦးတို့ ပါဝင်ကြပါတယ်။ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အရေအတွက် များလာသလို လူထုလူတန်းစား အဖွဲ့အစည်းများလည်း စုံလာပါတယ်။ အထူးသဖြင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေး ရယူထားတဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံမှာ သူတို့ရဲ့ ဆန္ဒသဘောထားတွေကို ရင်းရင်းနှီးနှီး၊ လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးခဲ့ကြတာပါ။ ညီလာခံကိုယ်စားလှယ်အားလုံးလည်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြခွင့်ရခဲ့ကြပါတယ်။ အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့်အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ချမှတ်နိုင်ခဲ့ကြပါတယ်။ အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့် မူများနဲ့အညီ အဖွဲ့ဝင် ၅၄ ဦးပါဝင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှ စတင်ရေးဆွဲခဲ့ကြရာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ အဲဒီမူကြမ်းကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့နဲ့ ၂၀၀၈ ခုနှစ် မေလ ၂၄ ရက်နေ့တို့မှာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆန္ဒခံယူပွဲများ ကျင်းပခဲ့ပြီး ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းသော ပြည်သူတွေက ထောက်ခံအတည်ပြုခဲ့ကြလို့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။

ဒီအခြေခံဥပဒေကြီး ပေါ်ပေါက်လာရပုံကို ပြန်လည်အမှတ်ရစေချင်တဲ့ ဆန္ဒနဲ့ ဒီအကြောင်းတွေကို တင်ပြနေရတာပါ။ လွယ်လွယ်ကူကူနဲ့ ရေးဆွဲပြဋ္ဌာန်းခဲ့ရတာမဟုတ်ပါဘူး။ အချိန်ယူအကျေအလည် ညှိနှိုင်းဆွေးနွေးပြီးမှ ရရှိလာတဲ့ ရလဒ်တစ်ခုပါ။ အမျိုးသားညီလာခံ ကိုယ်စားလှယ်တချို့ဆိုရင် အခုလွှတ်တော်တွေမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ ပါဝင်နေတာ တွေ့နေရပါတယ်။ တချို့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်မှာပါ ပါဝင်ခဲ့ကြသူတွေပါ။ အချိန်ယူပြီး စနစ်တကျ ရေးဆွဲခဲ့ကြတဲ့ ဥပဒေပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မှာ ပါရှိရမယ့် အင်္ဂါရပ်တွေနဲ့ ကိုက်ညီ အောင် ကြိုးပမ်းရေးဆွဲခဲ့ကြတာပါ။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေမှာ မပါဝင်ခဲ့တဲ့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေနဲ့ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းခွင့်တွေ ၊ အစိုးရဖွဲ့ပြီးအုပ်ချုပ်ခွင့်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတွေပါရရှိအောင် ထည့်သွင်းရေးဆွဲထားတဲ့ အခြေခံဥပဒေတစ်ရပ်လို့ ဆိုချင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဥပဒေပြုခွင့်တွေကို ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ ညှိနှိုင်းပြီး ထပ်မံတိုးမြှင့်ပေးသင့်တဲ့ ဥပဒေပြုခွင့်တွေကိုလည်း တိုးမြှင့်ပေးဖို့ လုပ်ဆောင်နေတာလည်း အများအသိပါ။

အလျဉ်းသင့်လို့ ရှင်းပြချင်တာလေးရှိပါသေးတယ်။ အဲဒါကတော့ ဖက်ဒရယ် (Federal) ဆိုတဲ့ကိစ္စပါ။ ကမ္ဘာပေါ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အဓိကအားဖြင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ နှစ်မျိုးရှိပါတယ်။ အဲဒါကတော့ Unitary State လို့ခေါ်တဲ့ တစ်ပြည်ထောင်စနစ်နဲ့ တည်ဆောက်တဲ့ နိုင်ငံနဲ့ Federal State လို့ခေါ်တဲ့ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတို့ပဲဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေက Federal State လို့ခေါ်တဲ့ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ထားတဲ့ နိုင်ငံပုံစံပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ Federal State ပါ။ သူ့မှာရှိပြီးဖြစ်တဲ့ ပြည်နယ်တွေကို ပေါင်းစုထားတဲ့ ပြည်ထောင်စုနိုင်ငံပဲဖြစ်ပါတယ်။ မူလက အင်္ဂလိပ်လို Federal လို့ သုံးပေမယ့် ကိုယ့်နိုင်ငံ၊ ကိုယ့်သဘာဝစကားအရ သင့်လျော်သလို သုံးလေ့ရှိကြပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံမူတွေရေးဆွဲချမှတ်စဉ်က မြန်မာလို “ပြည်ထောင်စု” လို့ ရေးသားသုံးနှုန်းပေမယ့် အင်္ဂလိပ်လိုအသုံးအနှုန်းကို စဉ်းစားကြတော့ “ Federal”လို့ သုံးလိုက်ရင် အတိတ်ကာလက တလွဲတွေးခေါ်သုံးနှုန်းခဲ့ကြတာကို သတိပြုမိပြီး အတွေးနယ်လွန်မှာစိုးလို့ အဲဒီအသုံးအနှုန်းကို ရှောင်ခဲ့ကြတာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပေဒမှာ ပါရှိသွားတဲ့ “ပြည်မကြီးမှ ခွဲထွက်ခွင့် (Right of Secession ) ” ဆိုတဲ့ ပြဋ္ဌာန်းချက်အပေါ် မူတည်ပြီး ပြည်နယ်အချို့က အရေးဆိုခဲ့ကြတာ မှတ်မိကြဦးမှာပါ။ အဲဒီကာလက သတင်းစာတွေမှာ ပြန်ရှာကြည့်ရင် တွေ့ကြမှာပါ။ “ Federal မူ” ဆိုတဲ့စကားကို တွင်တွင်သုံးခဲ့ပြီး မြန်မာလို “ခွဲထွက်ရေးမူ”ဆိုပြီး လိုရာဆွဲ ဘာသာပြန်ခဲ့ကြပါတယ်။ အဲဒီလိုတောင်းဆိုမှုတွေအပေါ် အခြေခံပြီးအင်္ဂလန်ကလည်း ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ လွတ်လပ်ရေးရတာ ၁၀ နှစ်ကျော်လာလို့ ဒီပြဋ္ဌာန်းချက်အတိုင်း လိုက်နာဖို့အထိ သတိပေးလာလို့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် အင်္ဂလန်ကိုသွားပြီး ပြေလည်အောင်ရှင်းခဲ့ရတာ သမိုင်းမှာအထင်အရှားရှိပါတယ်။ ဒီသမိုင်းကြောင်းအရ "Federal" အစား "Union" လို့ပဲသုံးနှုန်းသင့်တယ်လို့ သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။ မြန်မာလိုကတော့ “ပြည်ထောင်စု”ပါ။ ဒါနဲ့ပတ်သက်လို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈ မှာ “နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်”လို့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာက အင်္ဂလိပ်အသုံးအနှုန်းသာဖြစ်တာမို့ မိမိနိုင်ငံရဲ့ဘာသာစကားအသုံးအနှုန်းကိုသာ အဓိကယူရမှာပါ။ အဓိပ္ပာယ်ချင်းတူနေတာကို ဘာကြောင့်များ အတွေးချော်နေကြတာလဲလို့ စိတ်မောသွားမိပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၂ မှာ “ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများဖွင့်ဆိုရာ၌ မြန်မာစာဖြင့်ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။” ဆိုတဲ့ပြဋ္ဌာန်းချက်ကိုတော့ မမေ့ကြစေချင်ပါ။ ရှင်းနေတာကိုရှုပ်အောင် မလုပ်ကြဖို့သာ မေတ္တာရပ်ခံပါရစေ။

ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ဖို့ အမျိုးသားညီလာခံမှာ ဆွေးနွေးညှိနှိုင်းကြစဉ်က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ရဲ့ အားနည်းချက်၊ အားသာချက်များကို အသေးစိတ်လေ့လာခဲ့ကြပြီး နိုင်ငံကို ဘယ်လိုစနစ်နဲ့သွားကြမလဲဆိုတာကို ရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပထဝီအနေအထား၊ ခါးသီးတဲ့အတွေ့အကြုံ၊ နောက်ခံသမိုင်းကြောင်းရဲ့ သင်ခန်းစာတွေအပေါ် မူတည်ပြီး သမ္မတအုပ်ချုပ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံရေးအကွဲအပြဲ ဇာတ်လမ်းတွေ၊ ရွေးကောက်ပွဲနိုင်ဖို့အတွက် ခါးပိုက်ဆောင်တပ်ဖွဲ့ပြီး လူသတ်တာ၊ ခြိမ်းခြောက်တာတွေက ပါလီမန်ခေတ်မှာ ကြုံတွေ့ခဲ့ကြပြီးပြီမို့ ဒီစနစ်ကို ရှောင်ရှားခဲ့ကြတာဖြစ်ပါတယ်။ တစ်ပါတီစနစ်ဖြစ်တဲ့ ဆိုရှယ်လစ်ခေတ်မှာလည်း အားလုံးပြည်သူပိုင်ချည်းဖြစ်ပြီး စီးပွားရေးတံခါးပိတ်ဝါဒ ကျင့်သုံးခဲ့လို့ တိုင်းပြည်မတိုးတက်ဘဲ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်ခဲ့ရတာမို့ ဒီစနစ်ကိုလည်းကျင့်သုံးဖို့ မတွေးဝံ့တော့ပါ။ ဒ့ါအပြင် လမ်းစဉ်ပါတီခေတ်မှာလည်း ဒီလူ၊ အစိုးရအဖွဲ့မှာလည်းဒီလူ၊ တရားစီရင်ရေးအဖွဲ့မှာလည်း ဒီလူဆိုတာလိုဖြစ်နေတော့ အချုပ်အခြာအာဏာတစ်ရပ်နဲ့ တစ်ရပ်စွက်ဖက်၊ လွှမ်းမိုးမှုတွေ ဒွေးရောယှက်တင်ဖြစ်နေမှုတွေကြောင့် ပြည်သူတွေရဲ့ ငြိုငြင်မှုကိုခံခဲ့ကြရပါတယ်။ အဲဒီအတွေ့အကြုံတွေအပေါ် သင်ခန်းစာယူပြီးတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေကို ပိုင်းခြားကျင့်သုံးနိုင်အောင်ရေးဆွဲခဲ့ကြတာဖြစ်ပါတယ်။ ဥပဒေပြုရေးကလည်း အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးမှာ လုံးဝမပါဝင်ဘဲ မိမိတို့ရဲ့ဥပဒေပြုရေးလုပ်ငန်းကိုသာ ပီပီပြင်ပြင်လုပ်၊ အုပ်ချုပ်ရေးကလည်း တရားစီရင်ရေးမှာ ဝင်ရောက်မစွက်ဖက်ဘဲ အုပ်ချုပ်ရေးလုပ်ငန်းများကိုသာ နိုင်နိုင်နင်းနင်းလုပ်အောင်ဆိုတဲ့ ပုံစံမျိုးနဲ့ရေးဆွဲခဲ့ကြတာပါ။ ဒါကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာ အုပ်ချုပ်ရေးဘက်မှာ ခန့်အပ်ခံရရင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်ရမယ်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒ့ါအပြင် ပိုပြီးပီပီပြင်ပြင်ဖြစ်အောင်လို့ ပုဒ်မ ၁၁ (က)မှာ “နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်” လို့ အတိအလင်း ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီပုဒ်မ ၁၁ ဟာ နိုင်ငံတော်အခြေခံမူများအခန်းမှာပါရှိတာမို့ အခြားအခန်းမှာပါတဲ့ ပြဋ္ဌာန်းချက်တွေက အဲဒီအခန်းပါပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်ပြီး မဆန့်ကျင်ဖို့ လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပိုမိုထင်ရှားစေတာက ပုဒ်မ ၄၅၁ ပါပြဋ္ဌာန်းချက်ပဲဖြစ်ပါတယ်။ အဲဒီမှာ “နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာတွင်လည်းကောင်း နိုင်ငံတော် အခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ရန်

*စာမျက်နှာ ၇ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူများ၏အလိုကျ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ခေတ်နှင့်အညီဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်

နေပြည်တော် ဇွန် ၂၄

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။**(ယာပုံ)

ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဦးမန်းဂျော်နီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၅၉(ဃ) မူလပြဋ္ဌာန်းချက်တွင် နိုင်ငံတော် အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အမြင်များရှိရမည်ဟု ပြဋ္ဌာန်းထားပြီး ပြင်ဆင်ပြဋ္ဌာန်းချက်တွင် နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေးစသည့် အမြင်များ ရှိရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါကြောင်း၊ ရှင်းလင်းတင်ပြချက်တွင် စစ်ရေးအမြင်ဆိုသည့် စကားရပ်သည် စစ်ပွဲများနှင့် သက်ဆိုင်သည့်အမြင်ဟု အဓိပ္ပာယ် ကောက်နိုင်ပါကြောင်း၊ ကာကွယ်ရေး အမြင်ဆိုသည့် စကားရပ်သည် လုံခြုံရေး၊ စစ်ရေး တည်ငြိမ်အေးချမ်းရေး ကိစ္စများနှင့် စပ်လျဉ်းသည့် အမြင်ဖြစ်သဖြင့် ပိုမို ကျယ်ပြန့်သည်ဟု ယူဆသောကြောင့် ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း၊ ပြည်သူများသည် ဖွဲ့စည်းပုံ၏ အားနည်းချက်များကို အစဉ်လေ့လာ နေကြပြီး ခေတ်နှင့်အညီ ပြုပြင်လိုသည်မှာ တိုးတက်မှုရှိသည့် အမြင်ဆန္ဒများဖြစ်ပြီး ပြည်သူများ၏အလိုကျ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကို ခေတ်နှင့်အညီ ဆက်လက်၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုးက တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းသော ဥပဒေများအား အခြားသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်နှင့် ပြုစုပြဋ္ဌာန်းနေကြခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်များတွင်လည်း အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပုဒ်မ ၅၉(ဃ)တွင် စစ်ရေးထက် ပိုမိုကျယ်ပြန့်သည့် ကာကွယ်ရေးဆိုသည့် စကားရပ်ပြင်ဆင်လိုခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် သူရဦးအောင်ကိုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ခြင်းမပြုနိုင်ပါက ပြည်သူတို့အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ အာမခံချက်အပြည့်အဝပေး နိုင်သော တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာရန် အလှမ်းဝေးနေမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး အမျိုးသားရေး မျှော်မှန်းချက်သည် မှေးမှိန်နေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို အမှန်တကယ် ရှေးရှုမည်ဆိုပါက နိုင်ငံတော်သမ္မတကို ပြည်သူမှ တိုက်ရိုက်ရွေးချယ်တင်မြှောက်သော စနစ် ကျင့်သုံးသင့်ပါကြောင်း၊ အခြေခံဥပဒေ ပုဒ်မ ၆၀ ပုဒ်မခွဲ(ဂ) ပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ မဂ်လာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဝူတို့က ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ။" လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၁ နဲ့ ပုဒ်မ ၄၅၁ တို့ပါ ပြဋ္ဌာန်းချက်တွေအရဆိုရင် ယခုပေါ်ပေါက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့မူကြမ်းပါ ပုဒ်မ ၂၃၂ နဲ့ ပုဒ်မ ၂၃၄ ဆိုင်ရာ ပြင်ဆင်ချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့သဘော ဆောင်နေတာရှင်းပါတယ်။

ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄ တို့ကိုပယ်ဖျက်ပြီး ပုဒ်မ ၆၀(ဂ) ကို ပြင်လိုက်တဲ့အဓိပ္ပာယ်ကတော့ သမ္မတနဲ့ဒုတိယသမ္မတတွေကို လွှတ်တော်ကိုယ်စားလှယ်ထဲကပဲ ရွေးလို့ရအောင်လုပ်လိုက်တဲ့သဘောပါ။ ဒီပြင်ဆင်ချက်အရဆိုရင် လွှတ်တော်ကိုယ်စားလှယ်မဖြစ်ရင် သမ္မတလည်းမဖြစ်နိုင်သလို၊ ဒုတိယသမ္မတလည်းမဖြစ်နိုင်တော့ပါ။ သမ္မတ၊ ဒုတိယ သမ္မတဖြစ်ချင်ရင် လွှတ်တော် ကိုယ်စားလှယ်ဖြစ်အောင်လုပ်ကြဆိုတဲ့ သဘောပါ။ ဒီလောက် အတွေးနဲ့ပြင်လိုက်မယ်ဆိုရင်တော့ မူလအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တွေနဲ့ လွဲကုန်ပါလိမ့်မယ်။ သမ္မတကြီးကို လွှတ်တော်ထဲမှာထိုင်ခိုင်းကြတော့မှာလား။ ဘယ်နေရာမှာ ထိုင်ခိုင်းမှာပါလဲ။ သမ္မတလည်း ကိုယ်စားလှယ်ပဲ၊ ငါတို့နဲ့ကိုယ်စားလှယ်ချင်းအတူတူ တစ်မူးပိုချင်လို့ ပိုသာလို့မရဘူးဆိုတဲ့အတွေးနဲ့ လေးစားမှုမပြုနိုင်ကြတော့ဘူးလား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၈အရ "နိုင်ငံတော်သမ္မတသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်။" လို့ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ရဲ့ ရာထူးအမြင့်ဆုံးပုဂ္ဂိုလ်ပါ။ အဲဒီလိုအမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ သမ္မတကြီးကို လွှတ်တော်အစည်းအဝေးတွေမှာ ဒုတိယသမ္မတအဆင့်ဖြစ်တဲ့ လွှတ်တော်ဥက္ကဋ္ဌရှေ့မှာ ငုတ်တုတ်ကလေး ထိုင်နေခိုင်းတော့မှာလား။ နိုင်ငံအတွက် အလွန်ကြီးလေးများမြောင်လှတဲ့ တာဝန်တွေကိုထမ်းဆောင်နေရတဲ့ သမ္မတကြီးဟာ လွှတ်တော်အစည်းအဝေးတွေမှာ မဖြစ်မနေတက်ရတော့မှာလား။ မအားလပ်လို့ မတက်နိုင်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၇ အရ လွှတ်တော်နာယကကြီးထံ ခွင့်ပန်ရမယ်။ ခွင့်မပန်ဘဲ ၁၅ ရက်တစ်ဆက်တည်းပျက်ကွက်ရင် အရေးယူခံရမယ်။ ဒီပုံစံအတိုင်းဆိုရင် သမ္မတကြီးက ကိုယ့်အလုပ်ကိုယ်လုပ်ဖို့တောင် လွှတ်တော်ဥက္ကဋ္ဌထံ အမြဲခွင့်တိုင်နေရလိမ့်မယ်။

ခွင့်မတိုင်ဘဲ ပျက်ကွက်မိလို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်က အရေးယူခံရရင် သမ္မတကြီးရာထူးကရော ဘယ်လိုလုပ်ဦးမှာလဲ။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်သမ္မတကို နိုင်ငံတော်ရဲ့အကြီးအကဲ(Head of The State)အဖြစ်နဲ့ရော၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဦးဆောင်တဲ့နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအကြီးအကဲ(Head of The Executive)အဖြစ်နဲ့ပါ ထားရှိတဲ့စနစ်ပါ။ ဒီအချက်နဲ့ပတ်သက်လို့ နိုင်ငံတော်အခြေခံမူများ အခန်းမှာပါရှိတဲ့ ပုဒ်မ ၁၆ မှာ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ သူ့ပုံစံ၊ သူ့စနစ်နဲ့ ရေးဆွဲရတာဖြစ်ပါတယ်။ ရောသမမွှေပြီး ရေးချင်တိုင်း ရေးလို့မရပါဘူး။ အခုပြင်ဆင်ထားတဲ့ ဥပဒေမူကြမ်းနှစ်ခုရဲ့ပုံစံက နိုင်ငံတော်ရဲ့အထွတ်အထိပ်ဖြစ်တဲ့ သမ္မတကြီးကို ဥပဒေပြုရေးကဏ္ဍဖြစ်တဲ့ လွှတ်တော်အောက်ထည့်သွင်းပြီး အဆင့်လျှော့ချမှာဖြစ်ပါတယ်။ နိုင်ငံတော်အခြေခံမူမှာပါတဲ့ အချက်တွေကို လေးစားလိုက်နာမှုမရှိဘဲ ပြင်ဆင်ချင်နေတာပါ။

နောက်တစ်ချက်တင်ပြချင်တာက ပုဒ်မ ၃၉၆(ခ)ကို ပယ်ဖျက်လိုက်တဲ့ကိစ္စပါ။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံသူနိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအခန်းမှာပါရှိတဲ့ ပုဒ်မ ၃၉၆(ခ)ဟာ နိုင်ငံတော်အခြေခံမူများ အခန်းမှာပါရှိတဲ့ ပုဒ်မ ၃၈(ခ)ပေါ်မှာ အခြေခံပြီးတော့မှ ရေးဆွဲပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေဟာ ဆက်စပ်နေပြီး နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးအတွက် အရေးပါတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။

ပုဒ်မ ၃၉၆(ခ)ကို ပယ်ဖျက်လိုက်တာဟာ နိုင်ငံသားတွေရဲ့အခွင့်အရေးကို ပိတ်ပင်လိုက်တာဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ဆောင်ပုဒ်နဲ့ လုံးဝဖီလာဆန့်ကျင်ရာရောက်နေပါပြီ။ ပြည်သူကရွေးကောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါလို့ ကြွေးကြော်ထားပြီး ပြည်သူကို လုံးဝလျစ်လျူရှုရာ ရောက်နေကြပါပြီ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေအနေနဲ့ မိမိကိုယ်ကိုယုံကြည်မှုမရှိကြလို့လား၊ ပြည်သူ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နေတဲ့ ကိုယ်စားလှယ်ကြီးတွေဆိုရင် ပြည်သူရဲ့ယုံကြည်ကိုးစားမှု၊ လေးစားချစ်ခင်မှုကို ခံယူကြရမှာပါ။ အဲဒီလိုခံယူကြရင် ပြည်သူကလည်း ကိုယ်စားလှယ်ကြီးများကို တာဝန်မှပြန်လည်ရုပ်သိမ်းကြမှာ မဟုတ်ပါဘူး။ ပြည်သူက ပြန်ဖြုတ်ချလို့မရတဲ့ ရာသက်ပန် လွှတ်တော်ကိုယ်စားလှယ်များလုပ်ဖို့ ရည်ရွယ်ထားကြပါသလား မေးချင်ပါတယ်။ အနိစ္စဆိုတဲ့ တရားသဘောကို မေ့နေကြပြီလား။ လောကကြီးမှာ အသက်ခန္ဓာတောင်မမြဲကြတာ၊ ကျန်တာတွေကတော့ ပိုလို့တောင်မမြဲပါဘူး။ ပညာရှိကြီးများ သတိတရား မလွတ်ကြစေချင်ပါ။

ပြင်ဆင်ချက်မူကြမ်းနှစ်ခုမှာ ကျန်တဲ့အပိုဒ်တွေကတော့ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို လွှတ်တော်က သိမ်းယူထည့်သွင်းလိုက်တဲ့ သဘောတွေပဲဖြစ်ပါတယ်။ အဲဒီလိုပြင်ဆင်လိုက်တာဟာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို ဥပဒေပြုရေးက ဝင်ရောက်စွက်ဖက်ရာ ရောက်နေတာမို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁မှာပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီမှုရှိနိုင်တော့မှာမဟုတ်တာကိုလည်း သတိပြုစေချင်ပါတယ်။ "အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်း"ဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်နဲ့"စွက်ဖက်ခြင်း"ဆိုတဲ့စကားရပ်နဲ့ အဓိပ္ပာယ်တို့ဟာ အလွန်ပဲကွာခြားပါတယ်။ အုပ်ချုပ်ရေးကလုပ်ရမယ့် တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို ဥပဒေပြုရေးက ဝင်ရောက်လုပ်ကိုင်တာဟာ စွက်ဖက်တာဖြစ်သလို လွှတ်တော်ကသာလုပ်ရမယ့် တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို အုပ်ချုပ်ရေးက ဝင်ရောက်လုပ်ကိုင်ရင်လည်း စွက်ဖက်တာဖြစ်ပါတယ်။ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းဆိုတာဟာ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးဆောင်ရွက်ရင်း ချို့ယွင်းချက်၊ အားနည်းချက်တွေတွေ့လို့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ထောက်ပြပြီး အချင်းချင်း အပြန်အလှန် သတိပေးခြင်းမျိုးကို ဆိုလိုတာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်အထက်မှာ တင်ပြခဲ့သလို လွယ်လွယ်ကူကူနဲ့ပေါ်ပေါက်လာတာ မဟုတ်ပါ။ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်စေမယ့်၊ ပြည်သူတွေရဲ့ဆန္ဒနဲ့ ကိုက်ညီမယ့်အချက်အလက်တွေကို အချိန်ယူလေ့လာစုစည်းပြီး တိုင်းရင်းသားပြည်သူများ၊ လူထုလူတန်းစားအလွှာအသီးသီးမှပုဂ္ဂိုလ်များ၊ ပညာရှင်များပါဝင်ပူးပေါင်းပြီး ရေးဆွဲခဲ့ကြတာဖြစ်ပါတယ်။ အချိန်ကာလအလျောက် ပြင်ချိန်တန်ရင်ပြင်ရမှာက သဘာဝတရားပါ။ ဒါပေမယ့် ပြင်သင့်ပြင်ထိုက်တာကို စနစ်တကျပြင်သင့်ပါတယ်။ မူလဥပဒေပါ စကားရပ်တွေ၊ ပြဋ္ဌာန်းချက်တွေနဲ့ ရှေ့နောက်ညီညွတ်မှုရှိ-မရှိ၊ ရေးနည်းရေးထုံးမှန်-မမှန်၊ မူလအခြေခံဥပဒေတွေနဲ့ ဆီလျော်မှုရှိ-မရှိ ဆိုတာတွေကို အသေးစိတ် လေ့လာဆန်းစစ်သင့်ပါတယ်။ ပြင်ဆင်ရာမှာ ဆန္ဒစွဲကင်းဖို့လိုပါတယ်။ "ဘက်လိုက်မှုကင်းဖို့"လိုပါတယ်။ "အတ္တအကျိုး၊ ပုဂ္ဂိုလ်ရေးသံယောဇဉ် ကင်းရှင်းပြီးပြင်မှသာ ရေရှည်ခိုင်မာတဲ့ ပြင်ဆင်ချက်ဖြစ်မှာပါ"။ လတ်တလော ရေတိုကာလအတွက် မစဉ်းစားသင့်ဘဲ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးတွေးဆပြီး ပြင်ဆင်သင့်ပါတယ်။ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အမြီးအမောက်မတည့်တဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်းလို၊ မနုဿီဟပုံစံလို ကမ္ဘာ့အလယ်မှာ ရှင်းပြရခက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံမျိုး ဖြစ်သွားမှာ စိုးရိမ်မိပါတယ်။ သတိ၊ သမာဓိ၊ ပညာဖြင့်ဆောင်ရွက်နိုင်ကြပါစေ။



**ဇွန် ၂၄ ရက်က နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် (၅၂)ကြိမ်မြောက် ကျောက်မျက်ရတနာရောင်းချပွဲတွင် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာ ကုန်သည်များလာရောက်၍ မြန်မာ့ကျောက်စိမ်းရတနာများအားဝယ်ယူရန် ကြည့်ရှုစစ်ဆေးနေစဉ်။** ခွန်ဝင်းပ

■ *ကျောဖုံးမှ*

ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့်ချင်းယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဇွန် ၂၂ ရက်က ကစားခဲ့သည့် ရတနာပုံနှင့် ဧရာရွှေမြေ၊ ချင်းယူနိုက်တက်နှင့် ဧရာဝတီပွဲစဉ်များမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့ကြောင့် ရွှေ့ဆိုင်းထားရသည့် ပွဲစဉ်များကို ပြန်ကစားခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၉)အပြီးတွင် ရန်ကုန်အသင်းက ၂၇ မှတ်ဖြင့် ပွဲတိုင်းအနိုင်ရရှိကာ ထိပ်ဆုံး၌ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၂မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ်၊ မကွေးအသင်းက ၁၈ မှတ်၊ ကမ္ဘောဇအသင်းက ၁၅ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ ရခိုင်အသင်းက ခုနစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ ဧရာရွှေမြေအသင်းနှင့် မနောမြေအသင်းတို့က ငါးမှတ်စီ၊ ဇွဲကပင်အသင်းက လေးမှတ်တို့ ရရှိထားသည်။ ထိပ်ဆုံးမှဦးဆောင်နေသည့် ရန်ကုန်အသင်းမှာ ကိုးပွဲစလုံးအနိုင်ရရှိထားသလို ဧရာဝတီ၊ ရတနာပုံအသင်းတို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်ရာ နိုင်ပွဲဆက်စံချိန်ကိုထိန်းနိုင်ခြင်းရှိ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**ရန်ကုန်-ဧရာဝတီ**

ကိုးပွဲဆက်အနိုင်ရခဲ့သည့် အရှိန်ကို ယခုပွဲတွင်လည်း ဆက်ထိန်းနိုင်ရန် ရန်ကုန်အသင်းကြိုးပမ်းမှာ သေချာနေသည့် ကစားသမားအစုံ အလင်ပါဝင်နိုင်မည်ဖြစ်သလို အိမ်ကွင်းဖြစ်သောကြောင့် အားသာနိုင်ပေသည်။ ဧရာဝတီအသင်းမှာ လက်ကျန်ပွဲတွင် ချင်းအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ပထမဆုံး ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည့် အသင်းဖြစ်သည်။ ရန်ကုန်အသင်း အိမ်ကွင်းဖြစ်သည့် YUSC ကွင်း၌ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့စေဖူးသည့် ဧရာဝတီအသင်းကို ရန်ကုန်အသင်း ရှုံးကြွေး ပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**ကမ္ဘောဇ-ရတနာပုံ**

လက်ရှိချန်ပီယံ ရတနာပုံအသင်းအတွက် အဝေးကွင်း ပွဲကျပ်တစ်ပွဲဖြစ်သည့် လက်ကျန်ပွဲတွင် ဧရာရွှေမြေကို အနိုင်ရခဲ့သော်လည်း ရတနာပုံအသင်းမှာ ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်သည်။ ရတနာပုံအသင်း အမှတ်ဆုံးရှုံး၍မရသည့် ပွဲဖြစ်သည်။ KBZ အသင်း အိမ်ကွင်းဖြစ်သော်လည်း ရုန်းကန်ရဖွယ်ရှိနေသည်။

# သတင်းထုတ်လွှင့်ဖြန့်ချိရေးနှင့် သတင်းမီဒီယာများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ အသံထုတ်လွှင့်ခြင်းဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၏ဘုတ်အဖွဲ့၊ အုပ်ချုပ်ရေးမှူး မစ္စတာ မတ်သယူး အမ်းစ်စထရောင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် သတင်းထုတ်လွှင့် ဖြန့်ချိရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရက်မစ်ချယ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗေးနီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘိုရွတ် ပါဟော်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ်ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီရို ဆာအာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ခရိုအေးရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စ ကိုလင်ဒါ ဂရာဘာ ကီတာရိုဗစ် ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇိုရမ် မီလန်နိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆလိုဗေးနီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာလ် ဗစ်တာ အာရ်ဂျဗက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခရိုအေးရှားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ပထမ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ ဗက်စ်နာပူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပုလဲသွယ်စပါး စိုက်ပျိုးထုတ်လုပ်ကြမည့် တောင်သူလယ်သမားများအတွက် သတင်းကောင်း


၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများ အထွက်နှုန်းတိုးတက်၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် မျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတာဝန်ကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုနှစ် မိုးစပါးရာသီအတွက် အရည်အသွေးအာမခံ ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့(၁၇၈၀၀၀)ကေစာ ထုတ်လုပ်နိုင်ခဲ့ပြီး(၂၂-၆-၂၀၁၅) နေ့အထိ မျိုးစေ့ (၁၀၃၀၀၀) ကေစာ ဖြန့်ဖြူးကာ (၇၅၀၀၀) ကေစာ ကျန်ရှိပြီး ဆက်လက်ဖြန့်ဖြူးလျက်ရှိပါသည်။

၃။ ယခုအချိန်သည် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်ပါ၍ တောင်သူလယ်သမားများအနေဖြင့် တစ်ဧကလျှင် စပါးတင်း(၂၀၀) ကျော်အထိ ထွက်ရှိနိုင်သော ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးပြီး တစ်ဧကဝင်ငွေ အသားတင် အကျိုးအမြတ် ကျပ်လေးသိန်းခန့်ရရှိနိုင်မည်ဖြစ်သောကြောင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးများကို နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ရုံးများတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၄။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါးတိုးချဲ့စိုက်ပျိုးရေးစည်းရုံးဆောင်ရွက်လျက်ရှိရာ မြန်မာ့နိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO)၊ ပင်လယ်ကိုးသွယ် ဆန်စပါးအထူးပြုကုမ္ပဏီ၊ ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီတို့နှင့် ညှိနှိုင်းချက်အရ ယခုနှစ် မိုးစပါးပေါ်ချိန်တွင် ပုလဲသွယ်စပ်မျိုးစပါးကို အာမခံဈေး(အနိမ့်ဆုံး) တင်း(၁၀၀) လျှင် ၄၅၀၀၀၀ိ/-(ကျပ်လေးသိန်းငါးသောင်း)နှုန်းပေး၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း ကြိုတင်ကြေညာထားရှိပါသည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆန်စပါးလုပ်ငန်းရှင်၊ ကုမ္ပဏီများအနေဖြင့် တောင်သူများနှင့်



ကန်ထရိုက်လယ်ယာစနစ် ပူးပေါင်းဆောင်ရွက်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်လည်းကောင်း၊ ဦးအေးကိုကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဖုန်းနံပါတ် (၀၉-၈၃၀၆၇၂၅၊ ၀၉-၂၅၀၈၇၃၃၇၅၊ ၀၆၇-၄၁၀၅၂၆၊ ၀၆၇-၄၁၀၅၂၄)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၄**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌စတင်ကျင်းပရာ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၉ နာရီတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ပြပွဲကျင်းပရေးဗဟို ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအတွဲများကိုလည်းကောင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကို လည်းကောင်း၊ မြေညီထပ်ရှိ ပုဂ္ဂလိကကျောက်မျက် ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လည်းကောင်း လှည့်လည် ကြည့်ရှုအားပေးသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့မှ ဇူလိုင် ၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲ၊ ကျောက်မျက် ရတနာအတွဲပေါင်း ၃၂၃တွဲတို့ကို ခင်းကျင်းပြသကာ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲ၌ ငွေများ အလွယ်တကူထုတ်ယူရန်အတွက် ATM စက်များနှင့် နိုင်ငံခြားငွေလဲလှယ်ရာတွင် အဆင်ပြေရန်အတွက် Money Changer များကိုလည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ပြည်တွင်းရတနာကုန်သည်များနှင့် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ပြည်ပရတနာကုန်သည် ၆၀၇၂ ဦးကို ဖိတ်ကြားထားပြီး ပြည်ပရတနာကုန်သည် ၃၀၀၀ ခန့်နှင့် ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ ပြပွဲတက်ရောက်လာမည့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအတွက် တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်ပြီး ပြသရောင်းချခဲ့ရာ ယခုကျင်းပသည့် (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအပါအဝင် ပြပွဲပေါင်း (၈၈)ကြိမ် ပြသရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပန်းဥယျာဉ်များမှာ ပန်းတိုင်းပွင့်ပါစေ ကစားကွင်းတိုင်းမှာ ကလေးတွေပြင်းခုံနိုင်ကြပါစေ

**ခင်မောင်ထွေး**

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်ကူးပြောင်းစ ကြားကာလများတွင် ပြဿနာရပ်ပေါင်းများစွာနှင့် စိန်ခေါ်မှုပေါင်းများစွာကို အသွင်ကူးပြောင်းစနိုင်ငံတိုင်း ကြုံတွေ့ရစမြဲပင်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ကာလများတွင်လည်း သမိုင်း၏ အမွေအဖြစ် စိန်ခေါ်မှုပေါင်းများစွာရှိရာ ပြည်သူဗဟိုပြုပန်းဥယျာဉ်နှင့် အားကစားကွင်းများ ပျောက်ဆုံးမှုနှင့် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များမှာ ယင်းစိန်ခေါ်မှုများထဲတွင် ထိပ်တန်းက ပါဝင်နေသည်။

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်ရှိ ကစားကွင်းမြေနေရာနှင့် မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်ရှိ ကစားကွင်းမြေနေရာ အငြင်းပွားမှုကိစ္စရပ်များ အပါအဝင် ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်ခန့်က ပျောက်ဆုံးခဲ့သည့် ပန်းဥယျာဉ်နှင့် ကစားကွင်းများပြဿနာရပ်များမှာ ပစ္စုပ္ပန်တိုင် ရှုပ်ထွေးနေဆဲ။

“ဒီဘက်ခေတ် ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ ပန်းခြံစုစုပေါင်း ၅၈ ခုကို လွှဲပြောင်းလက်ခံခဲ့ပါတယ်။ လက်ရှိဆောင်ရွက်ခဲ့တဲ့ အင်းလျားကန်ပေါင် သုံးပေါင်ကို ပန်းခြံအဖြစ်အဆင့် သတ်မှတ်မြှင့်တင်ပေးခဲ့တာ သုံးခုနဲ့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နဲ့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှာ ပန်းခြံအသစ်အဖြစ် ဆောင်ရွက်ခဲ့တာ နှစ်ခုကို ထည့်ပေါင်းရင် ပန်းခြံစုစုပေါင်း ၆၃ ခုရှိပါတယ်”ဟု YCDC ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရန်ကုန်မြို့ရှိ အားကစားကွင်းတစ်ကွင်းတွင် လူငယ်များ ပျော်ရွှင်စွာ ဘောလုံးကစားနေကြစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်

တစ်ဆက်တည်းမှာပင် “အားကစားကွင်းများအနေနဲ့ကတော့ စုစုပေါင်း ၅၃ ကွင်း လွှဲပြောင်းလက်ခံခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ၂၁ ကွင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၁၃ ကွင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၁၂ ကွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၁၁ ကွင်း ထပ်မံတိုးမြှင့်လုပ်ဆောင်ခဲ့တဲ့အတွက် မူလနဲ့ပေါင်းရင် စုစုပေါင်းအားကစားကွင်း ၁၁၀ ရှိလာပါတယ်။ ဒါပေမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မြေပိုင်ဆိုင်မှုမမှန်တဲ့ အားကစားကွင်း ၁၀ ကွင်းကို လျှော့လိုက်ရတဲ့အတွက် လက်ရှိမှာ ကစားကွင်းစုစုပေါင်း ၁၀၀ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တောင်ဥက္ကလာပမြို့နယ်၌နှစ်ကွင်း၊ မြောက်ဥက္ကလာပမြို့နယ်၌ သုံးကွင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ နှစ်ကွင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ နှစ်ကွင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ငါးကွင်း၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်တို့၌ တစ်ကွင်းစီဖြင့် စုစုပေါင်း အားကစားကွင်း ၁၆ ကွင်းကို ထပ်တိုးဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအားကစားကွင်းများမှာ နွေမိုးဆောင်း ရာသီမရွေး ကစားနိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှတစ်ဆင့်သိရသည်။

မြန်မာ့ဘောလုံးအားကစား၏ ဒီရေမြင့်ချိန်တွင် အများပြည်သူဗဟိုပြုပန်းခြံများနှင့် ကစားကွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ယခုရက်ပိုင်းအတွင်း စာနယ်ဇင်းများက အဓိကအကြံပြုထောက်ပြနေမှုများလည်း ရှိနေသည်။

“ဘောလုံးကွင်းအတွင်း ဘောလုံးမကန်ရ”ဆိုသော စာတန်းပါ ဗီနိုင်းတစ်ခုမှာ မြန်မာယူ-၂၀၊ ယူ-၂၃ အသင်းပွဲစဉ်များ ယှဉ်ပြိုင်ကစားနေချိန်တွင် အွန်လိုင်းမီဒီယာထက်၌ ပျံ့နှံ့သွားခဲ့သည်။ မြန်မာနိုင်ငံတွင် လူငယ်များဘောလုံးကစားရန် ကွင်းများရှားပါးလာခဲ့ပြီး စာသင်ကျောင်းများတွင်လည်း အားကစားလေ့ကျင့်ရန်နေရာလပ်များ နည်းပါးလာခဲ့သည်။ မြန်မာအားကစားကို နိုင်ငံတကာအလယ်တွင် အောင်မြင်မှုရရန် ဝိုင်းဝန်းလုပ်ဆောင်ရမည်လည်းဖြစ်သည်”ဟု ဒီမိုကရေစီတူဒေး သတင်းစာက ယခုရက်ပိုင်းအတွင်း ထောက်ပြ အကြံပြုရေးသားခဲ့သည်။

မည်သို့ပင်ဆိုစေ သမိုင်းအတွင်း ပြန်လည်တိုးဝင်သွားခဲ့သည့် ခေတ်ကာလတစ်ခုက အကောင်းအဆိုး အကြောင်းအကျိုးတို့ကို ပစ္စုပ္ပန်တွင် သမိုင်းသင်ခန်းစာတစ်ရပ်အဖြစ် ပြန်လည် ထုတ်နုတ်ရယူပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်လျှောက်လှမ်းခြင်းသည်သာ လက်တွေ့ကျသော ယောနိသော မနသိကာရစိတ်ဖြစ်ပေလိမ့်မည်။

အတိတ်ကာလများအတွင်းက လုံးဝ ပျောက်ဆုံးသွားခဲ့ရသော ပန်းဥယျာဉ်နှင့်ကစားကွင်းများကို တမ်းတနေကြမည့်အစား အနာဂတ်ကို မျှော်ကြည့်ရင်း ပစ္စုပ္ပန်တွင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြခြင်းက ပို၍ သဘာဝကျပေလိမ့်မည်။

မျက်မှောက်ကာလတွင် ပြည်သူများသည် အများပြည်သူနှင့် ဆက်စပ်သည့် ပန်းဥယျာဉ်နှင့် ကစားကွင်းများကို ပိုမိုတန်ဖိုးထားလာကြသည်။ ပိုမိုအသုံးပြုလာကြသည်။

ပြီးခဲ့သည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲတွင် မြန်မာယူ-၂၃ ဘောလုံးအသင်း ယှဉ်ပြိုင်သည့် ပွဲစဉ်များကို ပြည်သူ့ရင်ပြင်၊ မဟာဗန္ဓုလပန်းခြံနှင့် ကန်တော်ကြီးဥယျာဉ် အပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူဗဟိုပြု အထင်ကရ နေရာများတွင် LED ဖန်သားပြင်ကတစ်ဆင့် ပြည်သူများ တစ်ခဲနက်အားပေးခဲ့ကြသည်ကို တွေ့နိုင်သည်။

လူဦးရေထူထပ်မှုကြောင့် တိုက်ခန်းကျဉ်းလေးများတွင် နိစ္စဓူဝ ပိတ်မိနေကြသည့် ရန်ကုန်မြို့ခံ ပြည်သူအများစုအတွက် ပန်းဥယျာဉ်များသည် သူတို့၏ နိဗ္ဗာန်ဘုံများဖြစ်သကဲ့သို့ ရပ်ကွက်ကစားကွင်းများသည်လည်း နေ့စဉ်ကျောင်းနှင့် အိမ်တွင်သာ ကျင်လည်နေကြရသည့် မျိုးဆက်သစ်ကလေးငယ်များအတွက် နိဗ္ဗာန်ဘုံဖြစ်လာခဲ့သည်။

သို့ဖြစ်၍ တစ်ချိန်က တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီးမော်၏ “ပန်းတိုင်းပွင့်ပါစေ၊ ပညာရှင်များ ငြင်းခုံနိုင်ကြပါစေ” ဟူသည့် နာမည်ကျော် ဒဿနကဗျာကဲ့သို့နှယ် လောကကို အလှဆင်ဖို့ ပန်းဥယျာဉ်များမှာ ပန်းတိုင်းပွင့်ပါစေ၊ ရပ်ကွက်ကစားကွင်းတိုင်းမှာ ကလေးငယ်တွေ လွတ်လပ်စွာငြင်းခုံ ဆော့ကစားနိုင်ကြပါစေဟု ဆိုချင်ကြောင်းပါ။

# လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား ပိုမိုတောင့်တင်းလာမည်



နေပြည်တော် ဇွန် ၂၄

**Beech-1900 D နှင့် Grob-120 TP လေယာဉ်များ၊ Mi-35၊ Eurocopter နှင့် Bell-206 ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားမြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းရည် ပိုမိုတိုးတက်စေကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ကျင်းပပြုလုပ်သော တပ်မတော်(လေ)တွင် အသုံးပြုမည့် လေယာဉ်နှင့်ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ) ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မိတ္ထီလာတပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က တပ်မတော်(လေ)၏ စွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့တပ်တော်ဝင်သည့် Beech -1900 D လေယာဉ်များသည် အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြစ်ပြီး ခရီးသည်သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ တပ်ဖွဲ့များရွှေ့ပြောင်းခြင်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းနှင့် မျက်မြင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Grob-120 TP လေယာဉ်သည် အင်ဂျင်တစ်လုံးတပ် ခေတ်မီအမောင်းသင်လေယာဉ်ဖြစ်ကြောင်း၊ အခြေခံနှင့် တန်းမြင့်လေယာဉ်မောင်း သင်တန်းများအတွက်ပါ အသုံးပြုနိုင်သော စွမ်းအင်မြင့်မားသည့် လေယာဉ်ဖြစ်ပြီး စွမ်းရည်ပြည့်ဝသော လေသူရဲများ မွေးထုတ်ပေးရန်အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

Mi-35 ရဟတ်ယာဉ်များသည် တိုက်ခိုက်ရေးရဟတ်ယာဉ် အမျိုးအစားဖြစ်ပြီး ကမ္ဘာ့နိုင်ငံအများအပြားမှာလည်း အသုံးပြုနေကြောင်း၊ ခေတ်မီအီလက်ထရွန်နစ်စက်ပစ္စည်းများ တပ်ဆင်ထားပြီး စွမ်းရည်ထက်မြက်သည့်လက်နက်များ တပ်ဆင်ထားသောကြောင့် လေကြောင်းစွမ်းအားတိုးမြှင့်ရေးနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် မဖြစ်မနေလိုအပ်နေသည့် အရာပင်ဖြစ်ကြောင်း။

Eurocopter ရဟတ်ယာဉ်များသည် အလတ်စား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များဖြစ်ပြီး ခရီးသည်သယ်ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ လူနာတင်ဆောင်ခြင်းနှင့် ပင်လယ်ပြင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Bell-206 ရဟတ်ယာဉ်သည် အပေါ့စားအထွေထွေသုံးရဟတ်ယာဉ်ဖြစ်ပြီး ရဟတ်ယာဉ်မောင်းနှင်မည့် လေသူရဲများအတွက် လွှဲပြောင်းသင်တန်းပို့ချခြင်း တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်းတွင် ရဟတ်ယာဉ် Pilot များအတွက် အခြေခံသင်တန်းများပေးပြီး ၎င်းမှ Mi-2၊ Mi-17၊ Mi-35 များကို တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားလေ့ကျင့်ပေးရမည် ဖြစ်ကြောင်း။

မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးနှင့် သမိုင်းကြောင်း အစဉ်အလာအရ နိုင်ငံတွင် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်ရှိနေရမည် ဖြစ်ကြောင်း၊ ခေတ်မီအင်အား တောင့်တင်းရန် ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ရမည်ဖြစ်သကဲ့သို့ ကိုင်တွယ်အသုံးပြုနိုင်မည့် အရည်အချင်းရှိသည့် စစ်သည်တော်များ မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများရရှိရန်၊ ပြည်ပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ပြည်တွင်း၌ အတတ်ပညာများ ပြန်လည်ဖြန့်ဝေခြင်းများကို ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဂျက်တိုက်လေယာဉ်များ ဖြည့်တင်းနိုင်သည့်အတွက် ပတ်ဝန်းကျင်နိုင်ငံများနှင့် နည်းပညာနှင့် လေကြောင်းစွမ်းအားကွာဟမှု လျော့နည်းသွားပြီး ဒေသတွင်းနိုင်ငံများနှင့်တန်းတူ လိုက်နိုင်ခဲ့ကြောင်း၊ လေယာဉ်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ခြင်းနှင့်အတူ လေကြောင်းစွမ်းအားတိုးတက်မြင့်မားရေးအတွက် ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းမှုကို လေးနှစ်အတွင်း တပ်တော်ဝင်ခြင်း လေးကြိမ်ပြုလုပ်ခဲ့ပြီး လေယာဉ်အမျိုးအစားလေးမျိုး ၂၉ စင်း၊ ရဟတ်ယာဉ်အမျိုးအစားသုံးမျိုး ခုနစ်စင်း စုစုပေါင်း ၃၆ စင်း တပ်တော်ဝင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့သည့်အတွက် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအား မြှင့်တင်ပေးနိုင်ခြင်းနှင့်အတူ နိုင်ငံတော် ကာကွယ်ရေးစွမ်းအား ပိုမိုတောင့်တင်းလာမည်ဖြစ်ကြောင်း၊ ယနေ့အခါတွင် နိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့်အတူ စိန်ခေါ်မှုအသစ်များလည်း ကြုံတွေ့နေရသည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးမခံရစေရေးအတွက် တပ်မတော်သည် အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်သို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်မှာ မိမိတို့လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ရှိရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိမှသာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသော လေတပ်ဖြစ်ရန် စနစ်တကျ လေ့ကျင့်ရန်လိုအပ်ပြီး စွမ်းအားရှိသော လေတပ်ဖြစ်ရန် လေယာဉ်များကို အဆင့်မြှင့်ခြင်း၊ ခေတ်မီလေယာဉ်များ ဖြည့်တင်းခြင်းကို ဆက်လက်ပြုလုပ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)က လေယာဉ်နှင့်ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က တပ်တော်ဝင် အထိမ်းအမှတ်အမှတ်တရ လက်ဆောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်တော်ဝင်အထိမ်းအမှတ်လေယာဉ်၊ ရဟတ်ယာဉ်အုပ်ဖွဲ့များမှ Fly Past ဖြင့် ပျံသန်းအလေးပြုခြင်း အစီအစဉ်ကို ဆက်လက် ကျင်းပရာ ရဟတ်ယာဉ်လေးစင်းအုပ်ဖွဲ့ဖြင့် လည်းကောင်း၊ အမောင်းသင်လေယာဉ် ငါးစင်းအုပ်ဖွဲ့ဖြင့် လည်းကောင်း၊ လေ့ကျင့်ရေး ဂျက်လေယာဉ်ငါးစင်း အုပ်ဖွဲ့ဖြင့် လည်းကောင်း၊ ကြားဖြတ်တိုက်လေယာဉ်နှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ် စုစုပေါင်းငါးစင်းအုပ်ဖွဲ့ဖြင့် လည်းကောင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် သုံးစင်းအုပ်ဖွဲ့ဖြင့် လည်းကောင်း အစီအစဉ်အတိုင်းပျံသန်းအလေးပြုကြသည်။

ထို့နောက် သရုပ်ပြပျံသန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။ MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်သုံးစင်းဖြင့် Slow Flight ခေါ် အမြန်နှုန်းနှေးနှေးဖြင့် အုပ်ဖွဲ့အလိုက် ပျံသန်းသရုပ်ပြခြင်း၊ လေယာဉ်ဘီးများချ၍ မီးများထွန်းလျက် Fly Past ဖြင့် ဖြတ်သန်းသရုပ်ပြခြင်း၊ Aileron Roll ခေါ် သုံးစင်းတွဲလျက် တစ်ပြိုင်တည်း ဘေးလိမ့်ကျွမ်းထိုးသရုပ်ပြခြင်း၊ Level 8 ခေါ် အင်္ဂလိပ်အက္ခရာ 8 ပုံစံကို အလျားလိုက် ပုံဖော်သရုပ်ပြခြင်း၊ Oblique Loop ခေါ် အနည်းငယ်တိမ်းစောင်းလျက် အုပ်ဖွဲ့လိုက် နောက်ပြန်ကျွမ်းထိုးသရုပ်ပြခြင်း၊ Upward Bomb Burst Break ခေါ် အုပ်ဖွဲ့အလိုက် အပေါ်သို့ထောင်လျက် ဖုံးခွဲသည့် ပုံစံခွဲထွက် သရုပ်ပြပျံသန်းခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်တော်ဝင်ခဲ့သည့် Grob-120 TP လေယာဉ်ပျံသန်းမှုတွင် လိုက်ပါစီးနင်းသည်။ ထို့နောက် တပ်တော်ဝင်အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်လွှတ်ကာ စွမ်းရည်ပြပျံသန်းကြသည့် လေသူရဲများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်၍ လေသူရဲများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

တပ်တော်ဝင်အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် လေကြောင်းအတတ်သင်လေတပ်စခန်းရှိ တပ်တွင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးက မူလတန်းကြို ကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်တော်ဝင်အခမ်းအနားတွင် အမောင်းသင်လေယာဉ်ငါးစင်း အုပ်ဖွဲ့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းစဉ်။** (မြဝတီ)

## မော်တော်ယာဉ် ခိုးယူသူအား အချိန်တိုအတွင်း ရှာဖွေဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၄**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးသိန်းကျော်သည် ဇွန် ၂၃ ရက် ညနေ ၆ နာရီခွဲက ဇနီးဖြစ်သူနှင့်အတူ ၎င်း၏ကိုရိုလာဗင်အဖြူရောင်အငှားယာဉ်ဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၇)ရပ်ကွက်ပင်လုံလမ်းနှင့် မန္တလေးလမ်းထောင့်အနီးရှိ ကြေးအိုးဆိုင်သို့ သွားရောက်ပြီး လမ်းပေါ်၌ ကားသော့မဖြုတ်ဘဲထားခဲ့ကာ ဆိုင်အတွင်း ဝင်ရောက်စားသောက်နေခဲ့ကြောင်း ခဏအကြာပြန်ထွက်လာစဉ် မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသဖြင့် ည ၇ နာရီ ၄၅ မိနစ်တွင်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အဆိုပါယာဉ်ပျောက်ဆုံးမှုကို သတင်းရရှိသည်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းပိတ်ဆို့ရှာဖွေဆောင်ရွက်ခဲ့ရာ ယင်းနေ့ည ၁၁ နာရီခွဲတွင် ပျောက်ဆုံးသွားသော မော်တော်ယာဉ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၀)ရပ်ကွက် ဦးဝိစာရလမ်း၌ ယာဉ်ကိုခိုးယူသွားသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂) ရပ်ကွက်နေ ဇာနည်(ခ)ဇာနည်ထွန်း(၂၆ နှစ်)နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ယင်းသို့မော်တော်ယာဉ်ခိုးယူသူ ဇာနည်(ခ)ဇာနည်ထွန်းအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**


### တင်ဒါခေါ်ယူခြင်း

(၁) ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)အဆောင်(C) အပြီးသတ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူအပ်ပါသည်။

(၂) အဆိုပါလုပ်ငန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံ၏အမာခံလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသောအပြီး သတ်လုပ်ငန်းများနှင့်ဆက်စပ်လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အထိ တာဝန်ပေးဆောင်ရွက်ခဲ့သော မူလကုမ္ပဏီအနေဖြင့်လည်း အရည်အသွေးများ ပြည့်မီစွာဖြင့် လုပ်ငန်းများ ကျေနပ်ဖွယ်ရာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မူလကုမ္ပဏီနှင့် အရည်အသွေးအာမခံချက် ယှဉ်ပြိုင်တင်သွင်းမည့်သူရှိပါက ယှဉ်ပြိုင်နိုင်ရန် တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

(၃) လုပ်ငန်းများနှင့်ပတ်သက်၍ တင်ဒါပုံစံများအား ၂၅-၆-၂၀၁၅ရက်မှ ၃၀-၆-၂၀၁၅ရက်အထိ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁-၇-၂၀၁၅ရက် မွန်းလွဲ၁နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အစည်းအဝေးခန်းမတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

(၄) တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန(ရုံးချုပ်)နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၈၄ နှင့် ၀၆၇-၄၀၈၄၃၆တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ တတိယရက်သတ္တပတ်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

**စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး**
**မူးယစ်ဆေးကို ရှောင်ပါမနေး**

**မျှော်လင့်ချက်တို့ ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ**
**မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ**


တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့


သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့


မွေးမြူရေးအဖွဲ့


တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့


အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့


ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးလုပ်ငန်းစီမံချက် (ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါယင်းမာစီမံချက်ကို ၂၆-၅-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အထိဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန် (၃)ဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ရာ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တတိယရက်သတ္တပတ်အတွင်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့**

(၁) ဆိုင်းဘုတ်ချိတ်ဆွဲခြင်းနှင့် စတစ်ကာပိုစတာကပ်ခြင်း (၅၆) မြို့နယ်၊
(၂) အသိပညာပေးဟောပြောပွဲ (၄၈)ကြိမ်၊
(၃) စီမံချက်အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်ရေး၊ ညှိနှိုင်းအစည်းအဝေး သုံးကြိမ်၊
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း(၁၆) မြို့နယ်၊

**သီးနှံများအစာထိုးစိုက်ပျိုးရေးအဖွဲ့**

(၁) နှစ်ခြင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း သုံးမြို့နယ်၊
(၂) နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း သုံးမြို့နယ်၊
(၃) စိုက်ပျိုးရေးနည်းစနစ်သင်တန်းပို့ချခြင်း တစ်မြို့နယ်၊
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း တစ်မြို့နယ်၊

**မွေးမြူရေးအဖွဲ့**

(၁) အခြေခံမွေးမြူရေးနှင့်ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်းဖွင့်လှစ်ခြင်း(၁၂)မြို့နယ်၊
(၂) ပျားအုံ(၂၅)အုံအားမျိုးစားကျက်ရှိရာသို့ရွှေ့ပြောင်းမွေးမြူဝန်ဆောင်မှုပေးခြင်း တစ်မြို့နယ်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း ခြောက်မြို့နယ်၊
(၄) ငါးမျိုးစိုက်ထည့်ပေးခြင်း တစ်မြို့နယ်၊

**ဆေးကုသရေးအဖွဲ့**

(၁) One Stop Service ဖွင့်လှစ်ထားသောနေရာများတွင် လူနာသစ် (၄၂)ဦးတက်ရောက်ကုသခဲ့ပြီးမက်သာဒုန်းဆေးရည်သောက်သုံးသူ (၈၄၀၀)၊
(၂) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါဘီပိုးစစ်ဆေးခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်း(၂၂၈) ဦး၊
(၃) HIV ပိုး ရှိ/မရှိ စစ်ဆေးခြင်းနှင့် ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်း(၁၀၈)ဦး၊
(၄) မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့်မက်သာဒုန်းဆေးသောက်သုံးမှုအသိပညာပေးဟောပြောခြင်း နှစ်မြို့နယ်၊

**ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့**

(၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ ခုနစ်မြို့နယ်၊
(၂) မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း(၃၉)ကြိမ်၊
(၃) မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိုဟောပြောပွဲကျင်းပပြုလုပ်ခြင်း တစ်မြို့နယ်၊

**ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့**

(၁) နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း (၆၄)မြို့နယ်၊

**ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့**

(၁) ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း လေးမြို့နယ်၊
(၂) အသိပညာပေးဟောပြောခြင်း လေးမြို့နယ်၊

**တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့**

(၁) ဘိန်း(၃၃. ၆၆၃၇)ကီလို၊
(၂) ဘိန်းဖြူ(၀. ၂၈၆၄)ကီလို၊
(၃) စိတ်ကြွရူးသွပ်ဆေးပြား(၁၀၁၄၄၁) ပြား၊
(၄) ဆေးခြောက်(၀. ၀၅၉၅)ကီလို၊
(၅) အိုက်စ်(၉၆. ၀၇၅)ကီလို၊
(၆) ဘိန်းဆီခဲ(၂. ၄၈၄)ကီလို၊
(၇) အမှုပေါင်း(၁၂၇)မှု၊
(၈) တရားခံ (၁၇၈)ဦး၊

**အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့**

(၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် နှစ်ဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခြင်း နှစ်မြို့နယ်၊

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)**

(၁) ဘိန်းစာပင်(၁. ၈၅)ဧက ဖျက်ဆီးခြင်း တစ်မြို့နယ်၊


ဆေးကုသရေးအဖွဲ့


ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အဆိုပြုနှုန်းထား ယခုဇွန်လအတွင်း ထုတ်ပြန်မည်

ရန်ကုန် ဇွန် ၂၄

(၇)ကြိမ်မြောက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ အလုပ်ရှင်နှင့်အလုပ်သမားကိုယ်စားလှယ် တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ)



ပြည်ထောင်စု ဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များ အပေါ်မူတည်ပြီး အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားတစ်ခု ထုတ်ပြန်နိုင်ရေးအတွက် ယနေ့ပြုလုပ်သည့် အမျိုးသားကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း၊ နှစ်ရက်ကြာကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်ရှင်များဘက်မှ အဆိုပြုခဲ့သည့် အနည်းဆုံး အခကြေးငွေနှုန်းထားနှင့် အလုပ်သမားများဘက်မှ အဆိုပြုခဲ့သည့် အနည်းဆုံး အခကြေးငွေနှုန်းထားများအပေါ်၌ အခြေခံပြီး အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ခုရရှိရေးအတွက် အပြုသဘောဆောင်သည့် ဆွေးနွေးချက်များဖြင့် ဆွေးနွေးအကြံပြုသွားစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်များဘက်မှ အဆိုပြုထားသည့်ကိစ္စရပ်များအနက် ချက်ချင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဥပဒေပြင်ဆင်ပြီး ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဥပဒေပြင်ဆင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ အစိုးရပိုင်းမှ အကူအညီပေးနိုင်သည့် အိမ်ရာစီမံကိန်းနှင့် ဝန်ထမ်းကြိုပို့ ကိစ္စရက်များတွင်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေး ဒေါက်တာဇော်ဦးက အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားများဘက်မှတင်ပြသည့် အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားနှင့် အလုပ်ရှင်များဘက်မှ တင်ပြသည့် အဆိုပြုအနည်းဆုံး အခကြေးငွေ နှုန်းထားများအပေါ် လေ့လာသုံးသပ်ပြီး သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထား တစ်ခုဖြစ်သည့်အတွက် ဖြစ်ပေါ်လာမည့်အခြေအနေများကို ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်သည့် ကိစ္စရပ်များကို ပြင်ဆင်ထားသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးများက ဆွေးနွေးအကြံပြုကြပြီး အဆိုပါအဆိုပြုနှုန်းထားကို ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူအိပ်ဆောင်များ တိုးချဲ့ဖွင့်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူဦးရေ တိုးမြှင့်ခေါ်ယူမှုနှင့်အတူ ကျောင်းသား ကျောင်းသူများအတွက် အိပ်ဆောင်များ တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဆောက်လုပ်ရေးကုမ္ပဏီများမှ အိပ်ဆောင် သုံးဆောင်လွှဲပြောင်းခြင်းနှင့် ၎င်းအိပ်ဆောင်များအနက် "ဟန်လင်း"နှင့် "ဇီဝက" အမျိုးသားအိပ်ဆောင် နှစ်ဆောင်ကိုလည်းကောင်း၊ "ဂန္ဓမာ" အမျိုးသမီးအိပ်ဆောင်ကို လည်းကောင်း စည်ကားသိုက်မြိုက်စွာဖြင့် ဖွင့်လှစ်ခဲ့ကြသည်။



မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ တိုးမြှင့်ခေါ်ယူခြင်းနှင့် ပညာသင်ကာလကို ငါးနှစ်မှ ခြောက်နှစ်သို့ ပြင်ဆင်သတ်မှတ်ခြင်းတို့ကြောင့် ကျောင်းသားဦးရေမှာ မူလက ၉၀၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ၁၅၀၀ ခန့်အထိ များပြားလာခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရန်နှင့် ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀ ဆံ့ RC နှစ်ထပ်အိပ်ဆောင် သုံးဆောင်ကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) မိုင်းပျဉ်း-မက်မန်းလမ်း (မိုင် ၅၃/၀-၇၃/၀) - ကျောက်ရောမြေ ၇၄၆၆ ကျင်း

၂။ **ဈေးနှုန်းတင်ဒါတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်/အချိန်** | - | ၂၂-၆-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၆-၇-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၇-၇-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မက်မန်းမြို့ |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်းဦးစီးဌာန)၊ မက်မန်းခရိုင်(နောက်တန်းရုံး)၊ မိုင်းပျဉ်းမြို့နယ်တွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**(လမ်းဦးစီးဌာန)**
**မက်မန်းခရိုင်**
**မက်မန်းမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

### တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| (၁) | တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး | လေးခန်းတွဲသုံးထပ် ဆရာဝန်အိမ်ရာ ဆောက်လုပ်ခြင်း |
| (၂) | တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး | တိုးချဲ့ နှစ်ထပ်လူနာဆောင် ဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍ ဖုန်း-၀၅၉-၂၁၃၄၈ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၅-၆-၂၀၁၅ ရက်မှ ၂-၇-၂၀၁၅ ရက်အထိ |
| **အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** | - | ၂၉-၆-၂၀၁၅ရက်မှ ၁၀-၇-၂၀၁၅ရက်အထိ |
| **အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာနှင့် လက်ခံမည့်နေရာ** | - | တိုင်းဒေသကြီးကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကချင်ပြည်နယ်အစိုးရအဖွဲ့
### လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
### မြစ်ကြီးနားမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကချင်ပြည်နယ်အတွင်းရှိ ခေါင်လန်ဖူးမြို့နယ်တွင် ဆောက်လုပ်ရန်လိုအပ်လျက်ရှိသော (ပေ ၆၀×ပေ၆၀×၁၇·၇ပေ) အရွယ်အစားရှိ ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက် ဆောက်လုပ်မည့်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၅-၆-၂၀၁၅ ရက် (ကြာသပတေးနေ့) |
| | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၄-၇-၂၀၁၅ ရက် (သောကြာနေ့)၊ ၁၆း၃၀နာရီ |
| | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး |
| | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက် အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၂၊ စီမံနှင့်ဘဏ္ဍာဌာန (ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး) ဖုန်း-၀၇၄-၂၂၄၈၆၊ ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၇၄-၂၂၄၉၇တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**မြစ်ကြီးနားမြို့**

# ယခုနှစ် ခရီးသွားရာသီတွင် နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်မည်ဟု ခန့်မှန်း



**မန္တလေး ဇွန် ၂၄**

၂၀၁၅ ခုနှစ် ခရီးသွားရာသီတွင် မန္တလေးတိုင်းဒေသကြီး အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်းနှင့် ယခင် ၂၀၁၄ခုနှစ်က ခန့်မှန်းထားသည့်အရေအတွက်ထက် ကျော်လွန်ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။

"နိုင်ငံတကာက ခရီးသွားတွေအနေနဲ့ ၂၀၁၃ ခုနှစ်နောက်ပိုင်းကစပြီး မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံတွေ၊ တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်တွေအပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် နိုင်ငံခြားခရီးသွားဝင်ရောက်မှုတွေက တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားစွာ ဝင်ရောက်လာခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ခရီးသွားရာသီမှာလည်း ကျွန်တော်တို့ ခန့်မှန်းထားတဲ့ ခရီးသွားဧည့်သည် သုံးသိန်းထက်ကို ကျော်လွန်ခဲ့တယ်။ ဒီနှစ်မှာလည်းပဲ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ခန့်မှန်းထားတာက ငါးသန်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေနဲ့က ငါးသိန်းလို့ ခန့်မှန်းပေမယ့် ကျော်သွားမယ့် အနေအထားမျိုးတွေ ရှိနေပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အချက်တစ်ခုဖြစ်သော ဟိုတယ်တည်ဆောက်ရန်အတွက် ဟိုတယ်လုပ်ငန်း လိုင်စင်ချထားပေးမှုကိုလည်း ကန့်သတ်ချုပ်ချယ်ထားမှုများ မရှိကြောင်း၊ ယခုနှစ်အတွက် ခန့်မှန်းထားသည့် နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်အတွက် ဟိုတယ်နှင့် အခန်းအရေအတွက်များမှာ လိုအပ်နေသေးကြောင်း၊ ယခုနှစ်ဝင်ရောက်လာမည့် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် ဟိုတယ်အခန်းအရေအတွက် ၇၀၀၀ နီးပါးရှိမှသာလျှင် လုံလောက်မှုရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးဇုန်သို့ ခရီးသွားရာသီခြောက်လအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားခဲ့ပြီး ဝင်ရောက်ခဲ့သည့် ဧည့်သည်များ အနက် ထိုင်း၊ တရုတ်၊ ဂျာမနီနှင့် ပြင်သစ်တို့က အများဆုံးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၁၃ခုနှစ်က ၂၁၉၅၁၈ ဦးရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၃၁၃၆၅၅ ရှိခဲ့ကာ ယခု ၂၀၁၅ ခုနှစ်တွင် ငါးသိန်းအထိ ခန့်မှန်းထားခြင်းဖြစ်သည်။ ယခုနှစ် မေလအထိ ဝင်ရောက်ခဲ့ပြီးသော နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေမှာ ၁၆၁၈၄ ဦးရှိနေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် Insulated Cable များ တပ်ဆင်မည်



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကောင်းကင်ဓာတ်အားလိုင်းများကိုတပ်ဆင်ရာတွင် ဓာတ်လိုက်မှုကို ကာကွယ်နိုင်သည့် Insulated Cable ကြိုးများဖြင့် တည်ဆောက်တပ်ဆင်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

"ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခွင့်ပြုခဲ့တဲ့ ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းတွေကို ရန်ကုန်တိုင်းအတွင်း တည်ဆောက်မှာဖြစ်ပါတယ်။ ဒီကောင်းကင်ဓာတ်အားလိုင်းတွေမှာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ၃၃ ကေဗွီ Insulated Cable တွေကို တပ်ဆင်သွားမှာဖြစ်ပါတယ်။ ဒီအတွက်လည်း တင်ဒါခေါ်ယူထားပြီးဖြစ်လို့ လုပ်ငန်းများ မကြာမီစတင်နိုင်ဖို့ ပြင်ဆင်လျက်ရှိပါတယ်"ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တပ်ဆင်အသုံးပြုထားသည့် SWG No.4, No.6, No.8 စသည့် ကြေးကြိုးများသည် ဈေးနှုန်းကြီးမြင့်ခြင်း၊ အန္တရာယ်များခြင်းနှင့် မသမာမှုများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် ဈေးများ ကျောင်းများစသည့် လူသွားလူလာ များပြားသော နေရာများအနီးတွင် လျှပ်စစ်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့် Insulated couductor နှင့် Insulated cable များ အစားထိုးလဲလှယ် တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဓာတ်အားလိုင်းကြိုးများ မတော်တဆပြုတ်ကျပါက ဓာတ်လိုက်ခံရမှု မရှိစေရန်အတွက် ဓာတ်အားလိုင်းများတွင် Earth ring နှင့် Earth bar များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျခြင်းမှ ကာကွယ်ရန်အတွက် Line guard များနှင့် Line link connection များ တပ်ဆင်ခြင်းတို့ကိုလည်း မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် မိုးရာသီကာလအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကိုလည်း အပတ်စဉ်စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်အတွင်း ရန်ကုန်မြို့ပေါ်တွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျခြင်း၊ ပြတ်ကျခြင်းများကြောင့် လူသေဆုံးမှုအချို့ဖြစ်ခဲ့ပြီးနောက် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် ဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းအပါအဝင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ သက္က**


**မြန်ကြားရေးဝန်ကြီးဌာန**
**မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**လုပ်ငန်းသုံး၊ မော်တော်ဆိုင်ကယ် အစီး(၁၀၀)ဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးမော်တော်ဆိုင်ကယ်အစီး (၁၀၀)ကို ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Motorcycle Kenbo(Tools Sets) | 100 Nos |

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို ၂၉-၆-၂၀၁၅ရက်မှ ၂၈-၇-၂၀၁၅ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၅ ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၆**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



## နှစ်ချုပ်ငှားမည်

ဒိုင်ဟပ်စ ဟိုင်းဂျက် မီနီထရပ် နယ်တွင်သုံးမည်၊
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
**ဖုန်း-၀၉-၇၉၅၉၅၃၀၆၆**



## ပျောက်ဆုံးကြောင်း

Norwegian People's Aid (NPA)ပိုင် သွင်းကုန်လိုင်စင်အမှတ်IP-3 13-14 1270 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၁-၅၄၅၉၁၂၊ ၀၁-၅၄၀၆၉၄**



**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်**
**စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Newsprint Paper 30",28¼"(48.8gsm)
(ခ) Woodfree Paper (23½"× 33")(A1)(70gsm)
Woodfree Paper (31"× 43")(80gsm)
(ဂ) Art Card 31"× 43"(260gsm)(210gsm)
A1 (210gsm)(500 Sht/Pkt)
(ဃ) Others Papers ၁ မျိုး
(င) Web Offset Ink(Black) ၁ မျိုး
(စ) Sheetfed offset Ink(Magenta,Cyan) ၂ မျိုး
(ဆ) ပုံနှိပ်ရေးပစ္စည်းများ ၃၇ မျိုး
(ဇ) စက်အရန်ပစ္စည်းများ ၁၃၅ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၅ ရက်မှ ၈-၇-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၅ ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



**ဖခင်အမည်မှန်**

မြောက်ဦးမြို့၊ ဆင်အိုးကြီးကျေးရွာ တက္ကသိုလ်ဝင်တန်းမှ မဌေးဌေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှကျော်မောင် ၁၁/မဥန(နိုင်)၀၀၉၀၀၅ ဖြစ်ပါကြောင်း။



**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဘားအံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်/မြို့နယ်များတွင် စုပေါင်းရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာများနှင့်စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ရက်တွင် တင်ဒါဖွင့်ဖောက်မည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၀၅၈-၂၁၁၈၁)**



## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း၊ အမှတ် (၁၈၄/၁၈၆)နှင့် ၃၈ လမ်း၊ အမှတ် (၁၈၇/၁၈၉)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် 13F2၊ မြေကွက်အမှတ် III Class 12၊ မြေပိုင်မြေ၊ အမည်ပေါက် Moulvi Abdul Rahman မြေကွက်နှင့် မြေကွက်အမှတ် III Class 14၊ မြေပိုင်မြေ၊ အမည်ပေါက် Abdul Rahman, Kalimulla မြေကွက် (၂)ကွက်အား Moulvi Abdul Rahman မှ ၁၉၂၇-၁၉၂၈ ခုနှစ်တို့တွင် ပိုင်ဆိုင်ခဲ့ပြီး ၎င်းနှင့်ဇနီးတို့သည် ၁၉၄၃ ခုနှစ် (ဂျပန်ခေတ်)တွင် ကွယ်လွန်ခဲ့ပြီး သား ဦးအုန်းကြည်(ခ)အဗ္ဗဒူကယွမ်မှ ၁၉၇၇ ခုနှစ်တွင် အဆိုပါမြေနှင့် အဆောက်အအုံကို ဟာမစ်ကွန်ရှစ်(ခ)ခူရှိရှိတ်အာမက် ၁၂/ပဇတ(နိုင်)၀၂၈၂၇၀သို့ ရောင်းချခဲ့ပြီး ကျောက်တံတားမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၂၀၀၈ဖြင့် ဟာမစ်ကွန်ရှစ်(ခ)ခူရှိရှိတ်အာမက်မှ မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် (၁) ခါတွန်ဘီ၊ (၂) ဇစ်ယာအူရာမန်(ခ)ဇော်လင်း၊ (၃) အဗ္ဗဒူရာမန်(ခ)လှသိန်း၊ (၄) အဘာဘူရာမန်(ခ)တင်စိုး၊ (၅) အနီဘူရ်ရာမန်(ခ)အုံးမြင့်တို့အပေါ်စွဲဆိုခဲ့ရာ ၂၉-၅-၂၀၀၉ရက် စာချုပ်ချုပ်ဆိုခွင့် အနိုင်ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၁၀/၂၀၀၉၏ ၂၆-၆-၂၀၀၉ရက် အမိန့်တို့အရ တရားရုံးကိုယ်စား ဘိလစ်ဒေါ်ခင်လှဝင်း ၁၂/ကမတ(နိုင်)၀၃၈၁၂၁မှ တရားရုံးအမိန့်၊ မြေအမည်ပေါက်စာချုပ်များတင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ-ချပ်သင်း-ကောလင်းကားလမ်းပေါ်မှ ဇော်ချောင်းတံတား

**စစ်ကိုင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ- ချပ်သင်း-ကောလင်း ကားလမ်းသည် ရွှေဘိုခရိုင်အတွင်း ဖြတ်သန်းပြီးမော်လိုက်ခရိုင်အထိ ဆက်သွယ်၍ရသော မော်တော်ကားလမ်းတစ်လမ်းဖြစ်သည်။

ထိုကားလမ်းတွင် ချပ်သင်းမြို့အနီး၌ ဇော်ချောင်းခံနေ၍ ဒေသတွင်းမှပြည်သူများ သွားလာရေး ခက်ခဲနေသဖြင့် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၉၉ ဒသမ ၄၀ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၉၆ ဒသမ ၆ သန်းစုစုပေါင်း ရန်ပုံငွေကျပ် ၂၉၆ သန်း အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ယခင် (၁၁)ယခု အထူးအဖွဲ့(၂) သို့ တာဝန်ပေးတည်ဆောက်စေခဲ့ရာ ယခုအခါ တံတားတစ်စင်းလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်၍ ကားများဖြတ်သန်းသွားလာခွင့် ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ဇော်ချောင်းတံတားမှာ ပင်မတံတားအရှည် ပေ ၁၂၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ကားတစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်



**ကျိုင်းတုံ ဇွန် ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မိုးပွင့်(အထူး)စီမံချက်ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၁ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံမြို့နယ် မိုင်းပတ်(အထက်) ကျေးရွာအုပ်စု ဖဖဲကို ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က နိုင်ငံသားအရည်အချင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၏ တန်ဖိုးတို့ကို ရှင်းလင်းတင်ပြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၅ ခုကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

ရှမ်း(အရှေ့)စုစုပေါင်းအနေဖြင့် ၁၀ နှစ်ပြည့် ၈၁၇၉ ဦး၊ ၁၈ နှစ်ပြည့် ၃၀၂၈၁ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းလုပ်ငန်းမှာ ၃၃၅၅ ခု ဆောင်ရွက်ပြီးဖြစ်ကြောင်း တွဲဖက် ပြည်နယ်ဦးစီးဌာနမှူးထံမှ သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား တောင်သူများထံသို့ ပေးအပ်ပွဲကျင်းပ

**ဟုမ္မလင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား တောင်သူများထံသို့ ပေးအပ်ပွဲကို ဇွန် ၂၁ ရက် ညနေ ၃ နာရီက ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်း တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ ဟုမ္မလင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဂိုဆွမ်းခိုင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား တောင်သူများသို့ ယာယီ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)အား ခေါင်းခမ်းကျေးရွာအုပ်စု၊ တောင်သူများသို့ လည်းကောင်း၊ ဟုမ္မလင်းရပ်ကွက် တောင်သူများသို့လည်းကောင်း၊ နောင်ပကျစ်ရပ်ကွက် တောင်သူများသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# တက္ကသိုလ်ဝင်တန်းထူးချွန်အောင်မြင်သူများအား ဗိုလ်တထောင်၌ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**

တက္ကသိုလ်ဝင်တန်း ထူးချွန်အောင်မြင်သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၁ ရက် ညနေ ၃ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် စန္ဒကူးလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးရဲထူး တက်ရောက် ဂုဏ်ပြုစကားပြောကြားပြီး မြန်မာတစ်နိုင်ငံလုံး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန် ၁၀ ဦး၊ Top Ten ဝင် အဌမဆင့်နှင့် တိုင်းဒေသကြီးအတွင်း အင်္ဂလိပ်စာ ပထမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်မိုးစံထွဋ်အား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယခုဂုဏ်ပြုပွဲတွင် အမှတ်(၃) ရပ်ကွက်မှ ခြောက်ဘာသာဂုဏ်ထူး တစ်ဦး၊ ငါးဘာသာဂုဏ်ထူး နှစ်ဦး၊ လေးဘာသာဂုဏ်ထူး လေးဦး၊ သုံးဘာသာဂုဏ်ထူး တစ်ဦး ၊ နှစ်ဘာသာဂုဏ်ထူး သုံးဦး၊ တစ်ဘာသာဂုဏ်ထူး လေးဦး စုစုပေါင်း ၁၅ ဦးကို တစ်ဘာသာဂုဏ်ထူးဆု ငွေကျပ် တစ်သောင်းနှုန်း မိုဘိုင်းဖုန်းဟန်းဆက် တစ်လုံးစီနှင့် စာရေးကိရိယာများကို ဂုဏ်ပြုဆု ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်အနေဖြင့် ဖြေဆိုသူ ၁၂၅၁ ဦးရှိပြီး




၇၁၀ အောင်မြင်၍ ခြောက်ဘာသာဂုဏ်ထူး ၂၇ ဦးနှင့် ငါးဘာသာဂုဏ်ထူး ၄၄ ဦးပါဝင် ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

## သတင်းတိုများ

## နံ့သာအုန်းကျေးရွာစာကြည့်တိုက်ဖွင့်

**လှိုင်းဘွဲ့ ဇွန် ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာအုပ်စု နံ့သာအုန်းကျေးရွာတွင် ခေမာရာမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသောပါက ဦးစီး၍ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းနှင့်ဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နံ့သာအုန်းကျေးရွာ "ပညာရောင်ခြည်" စာကြည့်တိုက်အဆောက်အအုံကို ဆရာတော်ဘဒ္ဒန္တသောပါကက ငွေကျပ်၅၅သိန်း မတည်လှူဒါန်းပြီး ကျေးရွာပြည် သူထည့်ဝင်ငွေကျပ် ၁၄ သိန်း၊ ပရိဘောဂတန်ဖိုးငွေကျပ် ၁၇ သိန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၆ သိန်းဖြင့်အလျား ၃၅ ပေ၊ အနံ ၁၅ ပေ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စုတွင် ၂၀၁၄-၂၀၁၅ နွေစပါးပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၂၁ ရက်က ကွင်းအမှတ် (၁၅၈၉) ဦးပိုင် (၁၅၃) တောင်သူ ဦးမောင်ကျော်၏ လယ်မြေ ၅ ဒသမ ၃၆ ဧက၌ ကျင်းပခဲ့သည်။

စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးတာဝန်ခံ ဒေါက်တာပိုင်စိုး၊ တိုင်းခရိုင်မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းရာ အစို ၂၁၈ ဒသမ ၇၅ တင်းထွက်ရှိပြီး အခြောက် ၂၀၈ ဒသမ ၁၇ တင်းထွက်ရှိကြောင်း သိရသည်။

အထွက်နှုန်းနှင့်ခိုင်မာသော ဈေးကွက်ရရှိမှုအပေါ် ဒေသအတွင်း တောင်သူများ၏ ယုံကြည်မှုလက်ခံလာပြီး GAP စနစ်ဖြင့် စိုက်ဧကတိုးချဲ့ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ပြောကြားသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရေဦး၌ ဗုဒ္ဓဘာသာသင်တန်းကျောင်းဖွင့်

**ရေဦး ဇွန် ၂၄**

ရေဦးမြို့ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်မဟာဂန္ထဝါစကဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လာစာရ၊ ဥယျာဉ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယတို့၏ ဩဝါဒကိုခံယူ၍ မျိုးဆက်သစ်လူငယ်မောင်မယ်များ ယဉ်ကျေးလိမ္မာစေပြီး အနာဂတ်အတွက် စာရိတ္တကောင်းမွန်သောလူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းသား ၁၂၀ တက်ရောက်သည့် ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်တန်းကျောင်းကိုဇွန် ၂၁ ရက်က ရေဦးမြို့ ဥယျာဉ်ကျောင်းတိုက်မဟာဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

## ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ချောင်းဦး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ၅၄ ရွာမြောက် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ညောင်ပင်သာကျေးရွာအုပ်စု ထန်းတောကြီး ကျေးရွာ၌ ဇွန် ၂၀ ရက် ညနေ ၆ နာရီက ကျင်းပရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက ဒေသခံပြည်သူများ လျှပ်စစ်အသုံးပြုမှုနှင့် စပ်လျဉ်း၍ ဆောင်ရန် ရှောင်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ချောင်းဦးမြို့နယ်တွင် ကျေးရွာပေါင်း ၈၉ ရွာရှိသည့်အနက် ယခုဖွင့်လှစ်သည့် ထန်းတောကြီးကျေးရွာအပါအဝင် လျှပ်စစ်မီးရရှိသည့်ကျေးရွာ ၅၄ ရွာရရှိနေပြီဖြစ် ကြောင်း ၊ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ဆဲ ကျေးရွာ၂၅ ရွာရှိကြောင်းနှင့် ဆိုလာလျှပ်စစ်ဖြင့် မီးရရှိသည့် ကျေးရွာ ၁၀ ရွာရှိကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ပြောသည်။

**ယုယုဝင်း (iprd)**

## ငါးခိုးဖမ်းသူများကိုဖမ်းဆီးမိ

**မကွေး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်၌ ဇွန် ၁၉ ရက် နံနက် ၂ နာရီက ဝက်သည်းကန်ကြီးအတွင်း ငါးများကို ငါးဖမ်းပိုက်များအသုံးပြု၍ ဖမ်းနေကြောင်းသိရသဖြင့် စလင်းရဲကင်းမှ တပ်ကြပ်ကြီး သန်းထွန်းနွယ်နှင့်အဖွဲ့က ဖမ်းဆီးရာ ပိုက်များကိုချပြီး လှေနှစ်စင်းဖြင့် ထွက်ပြေးသွားသည်။ ၎င်းတို့အား သတင်းဆက်စပ်ဖော်ထုတ်ရာ ရှမ်းရွာကုန်းရွာနေ မျိုးခိုင်(ခ)ပုရစ်နှင့် သန်းနိုင်ဦးတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးပြီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ချင်းတွင်းမြစ်ရေမြင့်တက်လာသဖြင့် ကုန်တင်ရေယာဉ်ကြီးများ စတင်ပြေးဆွဲ

**မုံရွာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် အိန္ဒိယ-မြန်မာနယ်စပ်အနီးရှိ ပတ်ကွိုင်တောင်တန်းနှင့် ကူးမွန်တောင်တန်းများမှ စတင်မြစ်ဖျားခံ၍စီးဆင်းလာပြီး ပခုက္ကူမြို့ အထက်နား၌ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းပေါင်းဆုံသည့် အကြီးဆုံး ရေဝေမြစ်ဖြစ်သည်။

ချင်းတွင်းမြစ်သည် ကီလိုမီတာပေါင်း ၁၂၀၇ (မိုင်ပေါင်း ၇၅၀)ရှည်လျားပြီး မြန်မာပြည်၏ အသက်သွေးကြောဖြစ်သလို ကုန်စည်စီးဆင်းမှုအတွက်လည်း များစွာအထောက်အကူပြုသည့် မြစ်ကြီးတစ်စင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ဇွန်လဆန်းပိုင်းမှ စတင်ပြီးချင်းတွင်းမြစ်ရေ အနည်းငယ်စတင် မြင့်တက်လာလျက်ရှိရာမှ ယခုအခါ ကုန်တင်ရေယာဉ်ကြီးများ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်များ ပြန်လည်တင်ပို့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကုန်တင်ရေယာဉ်ကြီးများပြန်လည်ပြေးဆွဲနိုင်မှုအခြေအနေနှင့် ပတ်သက်ပြီး "ချင်းတွင်းမြစ်ရေက အရင်နှစ်ကထက်ရေတိုးတာနည်းနည်းနောက်ကျတယ်။ ပုံမှန်ဆိုရင် မေလလယ်လောက်ဆို ရေစဝင်ပေမယ့် အခုနှစ်မှာ မြစ်ရေတက်ချိန်က ဇွန် ပထမပတ်မှရေစဝင်တယ်။ နောက်ပြီးမြစ်ရေက တက်လာတော့လည်း ရေကနည်းသေးတယ်၊ ခါတိုင်းနှစ်ဒီအချိန်ဆိုရင် လက်ရှိရေထက်အတော်များတယ်၊ အခုနှစ်မှာ မိုးရွာသွန်းမှုနည်းတဲ့အတွက် မြစ်ရေကလည်းနည်းတယ်၊ နွေရာသီမှာမြစ်ရေနည်းတဲ့အတွက် ကုန်တင်ရေယာဉ်ကြီးတွေက ချင်းတွင်းမြစ်အထက်ပိုင်းနဲ့ ဥရုချောင်းရေနည်းပြီး သွားလာဖို့ ခက်ခဲလာတဲ့အတွက် ကုန်တင်ရေယာဉ်တွေရပ်နားထားတာပါ။

"နွေရာသီဆို ကုန်တင်ရေယာဉ်တွေရပ်နားထားရတယ်၊ လူစီးအမြန်ရေယာဉ်တွေကတော့သွားလို့ရတယ်၊ အဲဒီအချိန်ဆိုရင်တော့ ကုန်စည်တွေကို ကုန်းလမ်းကနေမော်တော်ယာဉ်တွေနဲ့ သယ်တာများတယ်။ အခုမြစ်ရေ



တက်လာပြီဆိုတော့ ကျွန်တော်တို့ရေယာဉ်တွေ ပြန်လည်ပြေးဆွဲကြပြီ။ မုံရွာကနေ ချင်းတွင်းအထက်ပိုင်းဒေသတွေကို အဓိကဆီတွေနဲ့ စားသောက်ကုန်မျိုးစုံ၊ မုန့်မျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းမျိုးစုံ၊ ရွှေမျောပစ္စည်းများတင်ပို့လျက်ရှိပြီး ချင်းတွင်း အထက်ပိုင်းဒေသမှ ကျောက်မီးသွေးများကို ပြန်လည်သယ်ဆောင်ပါတယ်။ အသွားကုန်အပြန်ကုန်ပါ၊ ကျွန်တော်တို့ မုံရွာကနေ အထက်ချင်းတွင်းဒေသများသို့ သွားလာနေတဲ့ ကုန်တင်ရေယာဉ် အစင်းရေ ၄၅၂ စင်းနဲ့ ခရီးသည်များ သွားလာရေးအဆင်ပြေစေရန်အတွက် လူစီးအမြန်ရေယာဉ် ၁၃၄ စင်းရှိကာ ပုံမှန်ပြေးဆွဲပေးလျက်ရှိပါတယ်"ဟု ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် မြစ်ရေ အတက်နောက်ကျပြီး လက်ရှိအချိန်တွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ၄၇၃ စင်တီမီတာရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

**မော်လမြိုင် ဇွန် ၂၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မွန်ပြည်နယ်ပညာရေးဦးစီးဌာနတို့ ညှိနှိုင်း ဆောင်ရွက်ချက်ဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းတက်၊ ကျောင်း ဆင်း၊ ကျောင်းသား ကျောင်းသူများအား ယာဉ်မတော်တဆမှုကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည်စေရေးအတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမှတ်(၉)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးညွန့်ဝေ၊ ဒုရဲမှူး (ဦးစီး)ဒုတိယရဲမှူး ငွေးရွှေတို့ဦးဆောင်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အရာရှိများက အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်း အသီးသီးများ၌ အသိပညာပေးဟောပြောပွဲများကျင်းပလျက်ရှိသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ များကို ကျောင်းစတင်ဖွင့်လှစ်သည့်နေ့မှစ၍ အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဟောပြောပွဲများသို့ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**




# ထီးလင်းမြို့နယ်တွင် ညောင်ကန်-ဟင်းခွတ်ကုန်း လူကူးကြိုးတံတားဆောက်လုပ်လျက်ရှိ

**ထီးလင်း ဇွန် ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြု ရန်ပုံငွေကျပ် ၂၁၅ ဒသမ ၈ သန်းဖြင့် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ညောင်ကန်ရွာနှင့် ဟင်းခွတ်ကုန်းကျေးရွာ မောချောင်း လူကူးကြိုးတံတားကို ဆောက်လုပ်လျက်ရှိသည်။

ကြိုးတံတား ဆောက်လုပ်ရာတွင် အရှည် ပေ ၇၀၀၊ အကျယ် ခြောက်ပေရှိ တံတားအဖြစ် မေလအတွင်း စတင်ဆောက်လုပ်ကာ ယခုအခါတွင် ကြမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်နေပြီ ဖြစ်သည်။

တံတားဆောက်လုပ်နေစဉ် မေ ၂၉ ရက်က အဆိုပါဒေသ၌ လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပင်မကြိုး Main Cable နှင့် Anchor Block ဆက်သွယ်သောကြားခံ Adaptor မှာသပ်ပြုတ်၍ ကြိုးပြုတ်ကျခြင်းဖြစ်ပေါ်ခဲ့ကြောင်းနှင့်ကြားခံ Adaptor များ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ယခုအခါတွင် လုပ်ငန်းများဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါတံတားဆောက်လုပ်ပြီးစီးသည့်အခါတွင် မိုးရာသီ၌ ရေစီးကြမ်းသဖြင့် မောချောင်းကိုဖြတ်ကူးရန်အခက်အခဲကြုံခဲ့ကြသည့် ဟင်းခွတ်ကုန်းကျေးရွာသာမက ကင်းပန်း၊ သံပုရာ၊ ယင်းမာ၊ အင်းနားစသည့် ကျေးရွာများပါ ကျေးရွာချင်းဆက် မြို့တက်လမ်းမှတစ်ဆင့် ဒေသအသီးသီးသို့ ရာသီမရွေးဆက်သွယ်သွားလာမှုလွယ်ကူသွားမည် ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# မဟာအောင်မြေမြို့နယ်တွင် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်

**မန္တလေး ဇွန် ၂၄**

မန္တလေး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂) ရပ်ကွက် ၆၃×၆၄ လမ်းကြား၊ ၄၃× သိပ္ပံလမ်းကြား၊ မ/ ၂၀ /၉+၁၀ ဦးဝင်းသန်းနေအိမ်တွင် ဇွန် ၂၀ရက် ည ၁၁ နာရီ ၅၅ မိနစ်က ဝိုင်ယာရှော့ခ်ဖြစ်ကာ ဘုတ်ခုံအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၀ စီး၊ သန္ဓေမီးသတ်များနှင့် အရန်မီးသတ်တပ်ဖွဲ့များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဘုတ်ခုံနှင့်ဝိုင်ယာအနည်းငယ်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ ၁၈ ၌ "မူဆယ်ခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးဆွေးနွေး" သတင်းတွင်ပါရှိသော "မူဆယ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ" အစား "မြို့နယ်စီမံခန့်ခွဲရေးကော်မတီ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အယ်လ်စိုး(မူဆယ်)**

# သားသတ်လိုင်စင်ရရှိထားသူများ သတ်မှတ်လိုင်စင် စည်းကမ်းများလိုက်နာရန်လို

**မကွေး ဇွန် ၂၄**

မကွေးမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သားသတ်လုပ်ငန်းလိုင်စင်များ ချထားပေးရာ၌ လိုင်စင်စည်းကမ်းအတိုင်းလိုက်နာရောင်းချမှုများ အားနည်းနေသောကြောင့် ပြည်သူများဝယ်ယူစားသုံးရာတွင် အသားဈေးနှုန်းမြင့်မားနေခြင်း၊ အလေးချိန်ပြည့်ဝစွာမရရှိခြင်းများ ဖြစ်ပေါ်နေကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နစ်နာသူများကတိုင်ကြားနိုင်ပြီး လိုင်စင်စည်းကမ်းများလိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်က "မြို့နယ်လိုင်စင်စီက မြို့ပေါ်ဝက်၊ ကန်ပြားဝက်၊ ညောင်ကန်ဝက် သတ်မှတ်ပြီး လိုင်စင်ပေးတယ်။ သတ်မှတ်တဲ့ နယ်နိမိတ်ကျော်ပြီး ရောင်းချတဲ့ပြဿနာတွေ ဖြစ်တယ်။ အဲဒီပြဿနာတွေ မဖြစ်ပေါ်အောင် အခုကတော့ တစ်ဦးတည်းပဲပေးထားပါတယ်။ နယ်ကျော်ပြီးရောင်းချတာတွေ၊ တရားဝင် လိုင်စင်ရရှိသူမဟုတ်ဘဲ အသားရောင်းချတာတွေရှိရင် ဖမ်းဆီးအရေးယူခွင့်ရှိပါတယ်။ အဲဒီလိုဖမ်းဆီးတဲ့ အခါမှာလည်း စည်ပင်သာယာ၊ ရဲ၊ လိုင်စင်စီနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေစုံမှ ဖမ်းလို့ရတာပါ။ ဖမ်းဆီးပြီးမိတဲ့အသားတွေကိုလည်း တစ်ဆင့်ပြန်ရောင်းချတာလုပ်လို့ မရဘူး။ တရားရုံးကို သက်သေခံပစ္စည်းနဲ့အတူတင်သွင်းပြီး စီမံခန့်ခွဲခွင့် တောင်းရတယ်။ တရားရုံးက အများပြည်သူစားသုံးရန်သင့်တယ်ဆိုရင် လေလံတင်ရောင်းချပြီး ရတဲ့ငွေဟာ စည်ပင်ဘဏ္ဍာငွေဖြစ်ပါတယ်။ ဘယ်သူပဲရောင်းရောင်း အလေးချိန်ခွင် အပြည့်အဝရောင်းဖို့နဲ့ သတ်မှတ်တဲ့ဈေးနှုန်းအတိုင်း ရောင်းချဖို့ လိုင်စင်စီကို ညွှန်ကြားထားပြီဖြစ်ပါတယ်။ သတ်မှတ်တဲ့ စည်းကမ်းချက်နဲ့မညီရင် နောက်တစ်နှစ်အတွက် လိုင်စင်မပေးတော့ပါဘူး။ အများပြည်သူကို ရေထိုးတဲ့အသား၊ အချိန်အတွယ်မပြည့်တဲ့ အသားရောင်းချခြင်းကို ကျွန်တော်တို့ စည်ပင်သာယာက လုံးဝခွင့်မပြုပါဘူး။ သတ်မှတ်ထားတဲ့ ကောင်ရေအတိုင်းသာ သတ်ဖြတ်ခွင့်ပေးထားပါတယ်။ စည်းကမ်းဖောက်ဖျက်ရင် အရေးယူမှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောသည်။

အသားရောင်းချမှုများနှင့် ပတ်သက်၍ ပြည်သူများ ခံစားနေရမှုအပေါ် မကွေးမြို့နယ် ကန်ပြားအနောက်ရွာမှ ဦးဇော်မိုးထွန်းက "လိုင်စင်သမားဆီက တစ်ဆင့်ယူပြီးရောင်းတဲ့အသားသည်တွေက အမဲသားတစ်ပိဿာ ငွေကျပ် ၇၅၀၀ နဲ့ ရောင်းတယ်။ လက်လုပ်လက်စားတွေအဖို့ အစိတ်သားငွေကျပ် ၁၉၀၀ ကိုတောင် လွယ်လွယ်ကူကူနဲ့ ဝယ်မစားနိုင်ဘူး။ တစ်ပိဿာငွေကျပ် ၇၅၀၀နဲ့ ၇၆၀၀ ဈေးပေးဝယ်စားရပြီး အလေးမှန်၊ ချိန်ခွင်မှန် ရောင်းစေချင်ပါတယ်၊ တစ်ပိဿာဝယ်ရင် ၈၅ ကျပ်သား လောက်ပဲရှိတယ်၊ တစ်ဆယ်သား၊ ဆယ့်ငါးကျပ်သား အမြဲတမ်းလျော့တယ်၊ ဈေးကြီးပေး ဝယ်ရပြီး အမှန်အတိုင်းတော့ ဖြစ်စေချင်တယ်" ဟု ပြောသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ရရှိသူမှ အသားရောင်းချရာတွင် အမဲသားတစ်ပိဿာငွေကျပ် ၆၀၀၀၊ ဝက်သားတစ်ပိဿာငွေကျပ် ၆၀၀၀၊ ဆိတ်သား တစ်ပိဿာငွေကျပ် ၈၀၀၀ နှုန်း သတ်မှတ်ပြီး အမဲသားအရိုးနှင့်အသား တစ်ပိဿာ ငွေကျပ် ၅၀၀၀၊ ဝက်သားအဆီနှင့်အခေါက် တစ်ပိဿာငွေကျပ် ၅၀၀၀၊ ဆိတ်သားအရိုးနှင့်အသားတစ်ပိဿာ ငွေကျပ် ၆၅၀၀ နှုန်းရောင်းချရန် သတ်မှတ်ထားကြောင်း သိရှိရပြီး လက်ရှိပေါက်ဈေးအရ မကွေးမြို့တွင်လည်း သတ်မှတ်ဈေးနှုန်းများထက် များစွာပိုမိုသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနေကြရကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မလှိုင်မြို့ ဆည်ကြီးကန်(ဂေါက်ကွင်းကန်) သဲနုန်းများပြန်လည်ဆယ်ယူ




**မလှိုင် ဇွန် ၂၄**

မလှိုင်မြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ ဆည်ကြီးကန်(ဂေါက်ကွင်းကန်) ကန်ပေါင်မြှင့်တင်ခြင်းနှင့် သဲနုန်းများပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ဇွန်လဒုတိယပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကန်မှာ ကန်ပေါင်အလျားပေ ၄၀၀၊ အကျယ်ပေ ၂၀၀၊ အမြင့်ရှစ်ပေရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က အလှူငွေကျပ် ငါးသိန်း၊ မြို့မိ မြို့ဖများ၏ထည့်ဝင်ငွေကျပ် ၁၀ သိန်းကျော်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“ဒီကန်ရဲ့ အနီးဝန်းကျင်မှာရှိတဲ့ အမှတ်(၃)ရပ်ကွက်နဲ့ ထန်းတော၊ အုတ်ကျင်း ရပ်ကွက်မှလူတချို့က တိရစ္ဆာန်တွေသောက်သုံးဖို့ အဝတ်လျှော်ဖွပ်ဖို့အတွက် ဒီကန်ကရေကို အသုံးပြုကြပါတယ်။ ကန်က မဆယ်ဖြစ်တာကြာတော့ သဲနုန်းတွေ ကောလာတယ်။ ဒါကြောင့် ကန်ဆယ်ဖြစ်ခဲ့တာပါ၊ ရေနေအောင်လည်း တာပေါင် မြှင့်တင်ခဲ့ပါတယ်။ ရေများများသိုလှောင်နိုင်ရင် အနီးဝန်းကျင်ကလူတွေအတွက် သုံးရေသာမက ရေတွင်းတွေလည်း ရေပေါများလာမယ်၊ ဒေသဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမယ်၊ ကျွဲ၊ နွား တိရစ္ဆာန်တွေလည်း သောက်သုံးနိုင်မှာဖြစ်ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**အောင်ငွေး(မလှိုင်)**

## မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

**မင်းပြား**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်များစာရင်းကို ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၂၂ ရက် နံနက်ကစတင်ပြီး အမည်စာရင်းများကပ်ထားရာ မိမိတို့၏အမည်ပါ၊ မပါသွားရောက်ကြည့်ရှုနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**မိုးမိတ်**

၂၀၁၅ ခုနှစ် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်စာရင်းများကို မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၂၂ ရက်မှစတင်၍ ကြေညာကပ်ထားပြီးဖြစ်ရာ မဲစာရင်းတွင်မိမိတို့၏အမည် ပါ/မပါ သွားရောက်ကြည့်ရှုပြီး ဇူလိုင် ၅ ရက်အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ အသက် ၁၈ နှစ်အထက် မဲပေးနိုင်သည့်အမည်စာရင်းများကို ဇွန် ၂၂ ရက် နံနက်က မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးခွဲများတွင် ဇူလိုင် ၅ ရက်အထိ နှစ်ပတ်ကြာကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**(၀၁၁)**

**မူဆယ်**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲပေးနိုင်ခွင့်ရှိသူလူဦးရေစာရင်းကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ ရပ်/ ကျေးကော်မရှင်အဖွဲ့ခွဲရုံး၌ မဲစာရင်းထုတ်ပြန်ကြေညာကြောင်း သိရသည်။

**စိုင်းရိုးသျှား**

# မန်စီမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**မန်စီ ဇွန် ၂၄**

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ဂျိန်းဖော့မြေရပ်ကွက်ရှိ ရတနာမာန်အောင်ဘုရားကုန်းမြေတွင် ပြည်သူများပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးမင်းဆွေက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ပျိုးပင်များဖြန့်ဝေပေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများမှ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြပြီး ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်းကြီး၊ ပင်လယ်ကဗွီး၊ ကံ့ကော်၊ စကားဝါ၊ တမလန်း စသည့် သစ်မျိုးစုံ စုစုပေါင်း ၇၁၃ ပင် စိုက်ပျိုးခဲ့ကြကြောင်းနှင့် မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ ယခုနှစ် ၂၀၁၅-၂၀၁၆ မိုးရာသီတွင် ပြည်သူများသို့ ဖြန့်ဝေစိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၈၅၀ ပင် ပျိုးထောင်ခဲ့ကြောင်း သိရသည်။

**သက်ထက်**



## ရေတာရှည်မြို့ရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ရာနှုန်းပြည့်ပြီးစီး

**ရေတာရှည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက် ရွှေပြည်ကုန်းကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေသည်ကို တွေ့ရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကာ အဆိုပါ တိုင်းရင်းဆေးရုံ တည်ဆောက်ဖွင့်လှစ်ပြီးသွားပါက မြို့ပြနှင့်ကျေးလက်ဒေသများ အားလုံးကို တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်တော့မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## စေတနာမိုး နာရေးကူညီမှုအသင်းရန်ပုံငွေအတွက် ဘောလုံးပွဲကျင်းပ

**မိုးမောက် ဇွန် ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် စေတနာမိုး နာရေးကူညီမှုအသင်းရန်ပုံငွေအတွက် မြို့နယ်ဌာနဆိုင်ရာအမျိုးသားဝန်ထမ်းများအသင်းနှင့် နယ်မြေခံတပ်ရင်းမှ အရာရှိစစ်သည်များအသင်းချစ်ကြည်ရေးဘောလုံးပွဲကို ဇွန် ၂၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဘောလုံးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်ဖက်အားကစားသမားများအား နာရေးကူညီမှုအသင်းမှ ပန်းစည်းဆက်၍ ဘောလုံးပွဲကျင်းပသည်။ ထို့နောက် ရန်ပုံငွေပေးအပ်ပွဲကျင်းပရာ အများပြည်သူလှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၆၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်၍ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးလဇိန်ဘရန်က လက်ခံယူသည်။ အဆိုပါ ဘောလုံးပွဲတွင် ဌာနဆိုင်ရာများအသင်းက နယ်မြေခံတပ်ရင်း အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကလေးမြို့၌ မိုးစပါးချေးငွေများထုတ်ချေး

**ကလေး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် အဆင်ပြေစေရေးအတွက် မိုးစပါးချေးငွေများကို စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း ကလေးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးကျော်လွင်၏ ပြောပြချက်အရ သိရသည်။

“ဒေသတွင်းမှာရှိတဲ့ တောင်သူတွေ မိုးစပါးချေးငွေတွေရရှိပြီး လယ်ယာသီးနှံတွေ စိုက်ပျိုးတဲ့အခါ အဆင်ပြေစေဖို့၊ နိုင်ငံသားအားလုံး စားနပ်ရိက္ခာလိုအပ်ချက် ဖူလုံပြီး အာဟာရပြည့်ဝကာ ဝင်ငွေတိုးတက်ဖို့၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ချေးပေးတာပါ” ဟု ၎င်းကဆိုသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ကလေးမြို့) အနေဖြင့် မိုးစပါးချေးငွေထုတ်ချေးရန် ငွေကျပ်သိန်း ၆၅၀၀၀ လျာထားရာ ထုတ်ချေးရန် ခွင့်ပြုချက်ရရှိပြီး ငွေကျပ် ၅၇၃၇၅ သိန်း ရရှိပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာအုပ်စု ၆၀ ရှိ တောင်သူဦးရေ ၁၁၅၀၀ ကို တစ်ဧက တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ကာ အတိုးနှုန်းမှာ ချေးငွေကျပ် ၁၀၀ ကို တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းတိုးဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**



မကွေးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်နှင့်အခြား မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်များ ရုတ်တရက်ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အသက်ကယ် အကျႌများ၊ ဖောကွင်းများ၊ အသက်ကယ်ကြိုးများနှင့် မီးသတ်ရေယာဉ် (Speed Boat) တို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ဇွန်၂၂ ရက်က ဧရာဝတီမြစ်အတွင်း တွေ့ရစဉ်။ ညီညီမောင်(မကွေး)

## သွေးလွန်တုပ်ကွေး ကာကွယ်စောင့်ရှောက်ရေး သန့်ရှင်းမှု စုပေါင်းဆောင်ရွက်

**ချောင်းဦး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့အတွက် ဇွန် ၂၂ ရက် ညနေက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံရှေ့မျက်နှာစာတွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်ကျန်းမာ ရေးဝန်ထမ်းများက ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်အင်းသာယာလှပရေးအတွက် လူငယ်များနှင့် အင်းလုပ်သားများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အင်းတော် ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အနောက်ဘက်ရှိ အင်းတော်အင်းသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၂၁ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အင်းမြောက်ဘက်ရှိ သက္ကယ်ကျင်းကျေးရွာမှ အင်းလူငယ်ကွန်ရက်ဝင် ၁၈ ဦးနှင့် အင်းလုပ်သား ၁၀ ဦးတို့က စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်းတော်အင်းထဲသို့ စီးဝင်သည့် သက္ကယ်ကျင်းချောင်းရေလမ်းကြောင်းရှိ စွန့်ပစ်အမှိုက်များနှင့် အညစ်အကြေးများ၊ ရေမှော်ပင်များ၊ ဒိုက်ပင်များကို ဖယ်ရှားကာ ကားနှစ်စီးအသုံးပြု၍ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

“အင်းတော်အင်းထဲ စီးဝင်နေတဲ့ ချောင်းပေါင်း ၂၀ ခန့်ရှိပါတယ်။ အဲဒီချောင်းတွေက စီးဝင်နေတဲ့ သဲနုန်းမြေတွေက တစ်နှစ်ကို ပို့ချမှု တန် ၂၅၀ ကျော်ရှိလို့ အင်းရဲ့ ရေဝေရေလဲဒေသကို မထိန်းသိမ်းရင် နုန်းပို့ချမှုများတာကြောင့် အင်းရေပြင် တိမ်ကောလာနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ ဒါ့အပြင် ချောင်းတွေတစ်လျှောက်မှာနေထိုင်တဲ့ မြို့ရွာတွေက ပြည်သူတွေက အမှိုက်သရိုက်နဲ့ အညစ်အကြေးတွေ စွန့်ပစ်တာကြောင့် နှစ်စဉ်ချောင်းရေလျှံတဲ့အခါ စွန့်ပစ်အမှိုက်တွေက အင်းထဲရောက်ပြီး အင်းရဲ့သဘာဝအလှကို ပျက်စီးစေသလို အင်းရေသန့်ရှင်းမှုကိုလည်း ထိခိုက်စေပါတယ်။ ဒါကြောင့် ချောင်းရိုးတွေတစ်လျှောက် အမှိုက်နဲ့အညစ်အကြေးစွန့်ပစ်တာကို တားမြစ်သင့်ပြီး မြို့ရွာနေပြည်သူတွေကို အင်းထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ အသိပညာဖြန့်ဝေရေးတွေလည်း လုပ်ဆောင်သင့်ပါတယ်”ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးရီက ပြောသည်။

အင်းတော်အင်းသည် ကသာခရိုင် အင်းတော်မြို့၏ အနောက်ဘက်တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး အလျား ၃ မိုင်၊ အနံ ၂ မိုင်ကျယ်ဝန်းကာ မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးအင်းဖြစ်သည်။ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ၏ စားဝတ်နေရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော အင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ညောင်ရမ်း-မင်းလှကန်ကြီးတွင် ရေမရှိသေးသဖြင့် မိုးစပါးစိုက်မည့် တောင်သူများစိုးရိမ်နေ

**သာစည် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ရှိ ညောင်ရမ်း-မင်းလှကန်ကြီးတွင် ရေခန်းခြောက်လျက်ရှိပြီး ယခုနှစ် မိုးဦးကျချိန်အထိ ကန်အတွင်းရေဝင်ရောက်မှု မရှိသေးသဖြင့် ညောင်ရမ်း-မင်းလှ ကန်ရေသောက်လယ်မြေများတွင် မိုးစပါးမစိုက်ပျိုးရမည်ကို ဒေသခံများစိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

မင်းလှကန်ကြီးသည် သာစည်မြို့၏ လူထုသောက်သုံးရေနှင့် စိုက်ပျိုးရေများကို အဓိကပေးဝေလျက်ရှိသော ကန်ကြီးဖြစ်ပြီး ယခင်နှစ်က ကန်အတွင်းရေခန်းခြောက်သွားခဲ့ရာမှ ယခုနှစ် မိုးဦးကျချိန်အထိ မိုးရွာသွန်းမှုနည်းပါးနေသဖြင့် ကန်အတွင်းရေဝင်ရောက်မှုမရှိဘဲ ခန်းခြောက်နေခြင်းဖြစ်သည်။

“မင်းလှကန်ကြီး ရေဝင်ရောက်မှုမရှိပေမယ့် မိုးစပါးစိုက်ပျိုးဖို့အတွက် ပျိုးခင်းတွေကို ကြိုတင်ပြင်ဆင်နေကြပါပြီ။ ကံကိုယုံပြီး ပျိုးထောင်နေကြတာပါ။မိုးလေဝသကောင်းလို့ မိုးရေရမယ်၊ မင်းလှကန်ထဲလည်း ရေဝင်မယ်ဆိုရင် မိုးစပါးစိုက်ပျိုးရမှာပါ။ မိုးရေလည်းမရ မင်းလှကန်ထဲလည်း ရေမဝင်ရင်တော့ မျိုးစပါးဆုံးရှုံးနိုင်ပါတယ်။ မနောသုခမျိုးစပါး တစ်တင်းကို ၇၀၀၀ နှုန်းနဲ့ဝယ်ယူရပြီး တစ်ဧကကို မျိုးစပါးသုံးတင်းခွဲခန့် ပျိုးထောင်ရပါတယ်” ဟု သာစည်မြို့နယ်မှ ဒေသခံလယ်သမားတစ်ဦးမှ ပြောသည်။ စပါးစိုက်ပျိုးရာတွင် လယ်တစ်ဧကအတွက် လယ်ထွန်ခ၊ မျိုးဖိုး၊ ပျိုးနုတ်ခ၊ ကောက်စိုက်ခ၊ စပါးရိတ်သိမ်းခများ စုစုပေါင်းငွေကျပ် တစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသတွင် မိုးစပါးကို စိုက်ပျိုးရာ၌ မိုးကောင်းသောက်လယ်မြေများတွင် မိုးရွာသွန်းမှုအပေါ် မူတည်၍ စပါးအောင်မြင်ဖြစ်ထွန်းပြီး၊ ဆည်ရေ၊ ကန်ရေသောက်လယ်မြေများတွင် စိုက်ပျိုးသော မိုးစပါးမှာ နှစ်စဉ်အောင်မြင်ဖြစ်ထွန်းသော်လည်း ယခုနှစ် ညောင်ရမ်း-မင်းလှကန်အတွင်း ရေမရှိ၍ ၄င်းကန်ရေသောက် လယ်မြေများတွင် မိုးစပါးမစိုက်ပျိုးရမည်ကို ဒေသခံများစိုးရိမ်နေကြခြင်းဖြစ်သည်။ **မျိုးမင်း(သာစည်)**

# ကျောင်းထောက်ပံ့ကြေးလုပ်ငန်းများ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေး

**မြင်းမူ ဇွန် ၂၄**

ကျောင်းထောက်ပံ့ကြေးလုပ်ငန်းများ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ်အတွင်းရှိ ကျောင်းများသို့ ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ကြည်က ကျောင်းထောက်ပံ့ကြေးများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက အစုအဖွဲ့များဖွဲ့စည်း၍ မိဘရပ်ရွာ ပူးပေါင်းပါဝင်ခြင်း၊ ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်းထောက်ပံ့ကြေးများအား အကျိုးရှိအောင် သုံးစွဲခြင်းစသည့် ကျောင်းထောက်ပံ့ကြေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ(iprd)**





# ပုသိမ်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းများ စတင်ကြေညာ

**ပုသိမ် ဇွန် ၂၄**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ဇွန် ၂၂ ရက်က စတင်ကြေညာထားကြောင်း သိရသည်။

ကြေညာထားသော စာရင်းအရ ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၂ ခုနှင့် ကျေးရွာအုပ်စု ၅၃ အုပ်စုတွင် မဲပေးပိုင်ခွင့်ရှိသူပေါင်း ၂၃၁၄၆၇ ဦးရှိကြောင်း သိရသည်။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် ကြေညာထားသော မဲဆန္ဒရှင် စာရင်းများကို လာရောက်ကြည့်ရှုကြရန်နှင့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်အပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အချက်အလက်များမမှန်လျှင်ပုံစံ (၄-က)ဖြင့် လည်းကောင်း လျှောက်ထားနိုင်ကြောင်းနှင့် ကွယ်လွန်ပြီးသူများနှင့် မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေလျှင် အထောက်အထားများနှင့်အတူပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ကြောင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို သတ်မှတ်ထားသည့် ဇူလိုင် ၅ ရက်အတွင်း လာရောက်ဆောင်ရွက်နိုင်ကြောင်းတို့ကိုလည်း အသိပေးကြေညာထားသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# ကိုပါအမေရိကကွာတားဖိုင်နယ်ပွဲတွေလာပြီ



မိုးမြင့်လင်းလက်

***၂၀၁၅ ကိုပါအမေရိက ဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဇွန် ၂၆ ရက်၊ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ကိုပါအမေရိကပြိုင်ပွဲဟာ အရေးကြီးတဲ့ပွဲစဉ်တွေရောက်ရှိလာပြီမို့ အသင်းတိုင်းအများအယွင်းမခံဘဲ အကြိတ်အနယ်ကြိုးစားကြပါလိမ့်မယ်။ ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ ဘိုလီးဗီးယားနဲ့ ပီရူး၊ အာဂျင်တီးနားနဲ့ ကိုလံဘီယာ၊ ဘရာဇီးနဲ့ ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကြမှာမို့ ပွဲကောင်းတွေအဖြစ် ရင်ခုန်စွာ စောင့်မျှော်အားပေးကြရဦးမှာဖြစ်ပါတယ်။ ဗိုလ်စွဲမယ်လို့ နာမည်ကြီးနေတဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ ကွာတားဖိုင်နယ်ကို ဘယ်လိုရလဒ်တွေနဲ့ ဖြတ်ကျော်မလဲဆိုတာကလည်း ပရိသတ်တွေအတွက် ရင်မောစရာဖြစ်နေပြန်ပါတယ်။***

### ဘိုလီးဗီးယားနှင့် ပီရူး

တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြလာနိုင်တဲ့ ပီရူးတို့ဟာ ဘရာဇီးအသင်းကိုလည်း ခြေရည်တူကစားနိုင်တာတွေ့ရပါတယ်။ ပြိုင်ပွဲဝင်စိတ်ဓာတ်ပြင်းထန်တဲ့ ပီရူးဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲ၊ သရေနှစ်ပွဲနဲ့ တစ်ပွဲရှုံးထားပါတယ်။ ဘိုလီးဗီးယားတို့ကတော့ ခြေစွမ်းမတည်ငြိမ်ဘဲ အတက်အကျရှိနေပြီး ပွဲတိုင်းရုန်းကန်နေရတဲ့ အနေအထားရှိနေတာမို့ ပီရူးတို့ အမှားအယွင်းနည်းနည်းနဲ့ ကစားရင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ပါတယ်။ ပီရူးရဲ့လက်ရှိကစားအားက ဘိုလီးဗီးယားထက် တစ်ဦးချင်းရော အသင်းလိုက်ပါ အားသာချက်ရှိနေတာမို့ ဘိုလီးဗီးယားတို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေတာအမှန်ပါပဲ။ ဘိုလီးဗီးယားတို့ရဲ့ တိုက်စစ်အားနည်းမှုဟာ ပီရူးတိုက်စစ်မှူးတွေကို စိတ်ကြိုက်လှုပ်ရှားခွင့်တွေရှိနိုင်မှာဖြစ်တာမို့ ဘိုလီးဗီးယားရဲ့ ကိုပါအမေရိကဖလားအိပ်မက်တွေ ပျက်ပြယ်သွားနိုင်တဲ့ အနေအထားရှိပါတယ်။

### အာဂျင်တီးနားနှင့် ကိုလံဘီယာ

နှစ်သင်းစလုံးခြေစွမ်းတွေ ပြန်ကောင်းလာတာမို့ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိမယ့် ပွဲစဉ်ဖြစ်ပါတယ်။ အာဂျင်တီးနားတို့က အုပ်စုအဖွင့်ပွဲစဉ်မှာ သရေပွဲဖြစ်ခဲ့ပေမယ့် နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ အသင်းဖြစ်ပါတယ်။ ဒီမာရီယာ၊ မက်ဆီ၊ အဂူရို စတဲ့ နာမည်ကြီးကစားသမားတွေ ပါဝင်တဲ့ အာဂျင်တီးနားတို့က ခြေစွမ်းပြန်ကောင်းလာတဲ့ ကိုလံဘီယာကို ရင်ဆိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ကိုလံဘီယာတို့က အသင်းလိုက်ကစားအားကောင်းပြီး မြန်နှုန်းမြင့် ကစားနိုင်တဲ့ ဘောလုံးသမားအများစုနဲ့ စုဖွဲ့ထားတာမို့ အာဂျင်တီးနားနိုင်ပွဲရရင်တောင် ရလဒ်ပြတ်သားမှုမရှိပါဘူး။ ဒီနှစ်သင်းရဲ့ လက်ရှိကစားအားက မျှနေတာမို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပြီး အဆုံးသတ် ပိုကောင်းမွန်တဲ့ အာဂျင်တီးနားတို့ပဲ အနိုင်ရလဒ်ကို ရယူသွားနိုင်မယ်လို့ ယူဆပါတယ်။

### ဘရာဇီးနှင့် ပါရာဂွေး

အာဂျင်တီးနား၊ ဥရုဂွေးတို့လို မာကျောတဲ့ အသင်းတွေကို သရေကစားထားတာမို့ ပါရာဂွေးရဲ့ ကစားအားကို လျှော့တွက်လို့တော့မရပါဘူး။ ပါရာဂွေးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်တွေရရှိထားပါတယ်။ ဘရာဇီးတို့ကတော့ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်ထားပြီး တစ်ပွဲရှုံးထားတာမို့ အတိမ်းအစောင်းမခံတဲ့ ဒီပွဲမှာ ဘရာဇီးတို့ ခြေကုန်ထုတ်လာဖို့ရှိနေပါတယ်။ ဘရာဇီးအသင်းမှာ အဓိကအားထားရတဲ့ တိုက်စစ်မှူးနေမာ မပါဝင်နိုင်ပေမယ့် တစ်ဦးချင်းစွမ်းရည်နဲ့အတူ အနိုင် ဂိုးကို ရအောင်ဖန်တီးပြီး အောင်ပွဲခံဖို့များတယ်။ ။

## မန်စီးတီးရဲ့ တတိယအကြိမ် ကမ်းလှမ်းမှုကို မျှော်လင့်နေတဲ့ စတာလင်း

လီဗာပူးအသင်းအနေနဲ့ စတာလင်းအတွက် တတိယအကြိမ် ကမ်းလှမ်းမှုကို မျှော်လင့်နေတယ်လို့ ဆိုပါတယ်။ မန်စီးတီးက စတာလင်းကိုခေါ်ယူဖို့ ပြီးခဲ့တဲ့အပတ်က ပေါင်သန်း ၄၀ နဲ့ ကမ်းလှမ်းခဲ့ပေမယ့် လီဗာပူးက ပယ်ချခဲ့ပါတယ်။ သို့ပေမယ့် မန်စီးတီးက တတိယအကြိမ်မြောက် ကမ်းလှမ်းမယ့်အနေအထားမရှိပါဘူး။ အခြားသော ကစားသမားတစ်ဦးကိုသာ ပြောင်းပြီးကမ်းလှမ်းမယ့်အနေအထားရှိတယ်လို့ ဆိုပါတယ်။ အသက် ၂၀ အရွယ်သာ ရှိသေးတဲ့ စတာလင်းအနေနဲ့လည်း မန်စီးတီးကို ပြောင်းဖို့မလွယ်တော့ပါဘူး။ အခြားအသင်းကို ပြောင်းဖို့စဉ်းစားရတော့မယ့် အနေအထားရှိပါတယ်။ အာဆင်နယ်နဲ့ ရီးရဲမက်ဒရစ်တို့က ပေါင်သန်း ၅၀ နဲ့ အဆက်အသွယ်ပြုလုပ်ခဲ့တဲ့ စတာလင်းအတွက် လီဗာပူးက ဈေးပိုပြီးလိုချင်နေတာပါ။ လီဗာပူးက စတာလင်းရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ အထက်ရဖို့မျှော်လင့်တာပါ။ မန်စီးတီးအနေနဲ့ ထပ်မံကမ်းလှမ်းနိုင်မယ့် အနေအထားမရှိဘူးလို့ ဆိုပါတယ်။

## ချန်ပီယံဖြစ်ဖို့ ရေပန်းစားလာတဲ့ အင်္ဂလန်အမျိုးသမီးအသင်း

အင်္ဂလန်အမျိုးသမီး ဘောလုံးအသင်းဟာ ကနေဒါနိုင်ငံမှာ ကျင်းပနေတဲ့ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားလာတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ နော်ဝေအမျိုး သမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပါတယ်။



အင်္ဂလန်အသင်းအနေနဲ့ ကွာတားဖိုင်နယ်မှာ အိမ်ရှင်ကနေဒါအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ယခင်ကမ္ဘာ့ဖလားသုံးပွဲထက် ပိုကောင်းနေတာကြောင့် ဗိုလ်လုပွဲရောက်ဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ အင်္ဂလန်အမျိုးသမီးအသင်းအနေနဲ့ လာမယ့် တနင်္ဂနွေနေ့မှာ ကွာတားဖိုင်နယ်ပွဲအဖြစ် ဗန်ကူဗာမြို့မှာ အိမ်ရှင်ကနေဒါအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အိမ်ရှင် ကနေဒါအသင်းကို ကျော်ဖြတ်ဖို့ အင်္ဂလန်အသင်းအနေနဲ့ အကြိတ်အနယ် ကြိုးစားရမှာဖြစ်ပါတယ်။ အိမ်ရှင်ကို အနိုင်ကစားနိုင်မယ်ဆိုပါက အင်္ဂလန်အသင်းဟာ ဖလားရဖို့ အတော်လေး နီးစပ်သွားပြီလို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



## အာဆင်နယ်ဂိုးသမားဖြစ်လာဖို့ နီးစပ်လာတဲ့ ပီတာဆက်ချ်

အာဆင်နယ်က ချယ်လ်ဆီးဝါရင့်ဂိုးသမားကြီး ပီတာဆက်ချ်ကို ခေါ်ယူဖို့ နီးစပ်သွားပြီလို့ ဆိုပါတယ်။ နှစ်ဖက်အသင်းတာဝန်ရှိသူများ ညှိနှိုင်းလျက်ရှိပြီး စာချုပ်ဖို့ အတော်လေးနီးစပ်နေပြီလို့ ဆိုပါတယ်။ သဘောတူညီချက်ရရှိပါက အသက် ၃၃ နှစ်အရွယ် ဂိုးသမားကြီး ပီတာဆက်ချ်ဟာ အာဆင်နယ်က ယခုနှစ်ရာသီမှာ ခေါ်ယူစာချုပ်တဲ့ ပထမဆုံးကစားသမားဖြစ်လာမှာ ဖြစ်ပါတယ်။ ချက်လက်ရွေးစင်ဂိုးသမား ပီတာဆက်ချ်ဟာ ပြီးခဲ့တဲ့ရာသီအတွင်း ချယ်လ်ဆီးအသင်းနဲ့ ၁၆ ကြိမ်ပါဝင်ကစားခဲ့ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းနဲ့ ၁၁ နှစ်ကြာ ကစားခဲ့သူဖြစ်ပြီး ချယ်လ်ဆီးနဲ့အတူ ပွဲပေါင်း ၃၀၀ ပါဝင်ကစားခဲ့ရာမှာ ပရီမီယာလိဂ်ဖလားလေးလုံး၊ အက်ဖ်အေဖလားလေးလုံး၊ လိဂ်ဖလားသုံးလုံး၊ ချန်ပီယံလိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဖလားတစ်လုံးစီ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၀၄ ခုနှစ်က ရင်းနက်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေနဲ့ ပီတာဆက်ချ်ကို ဆက်လက်ခေါ်ယူထားချင်သော်လည်း အခြားကလပ်တွေနဲ့ ဆွေးနွေးမှုတွေရှိနေတယ်လို့ သူ့ရဲ့ အေးဂျင့်က ပြီးခဲ့တဲ့လထဲမှာ ပြောဆိုခဲ့ပါတယ်။

# တောင်ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာများ စွမ်းအင်ပြပွဲနှင့်ရောင်းချပွဲကျင်းပ

**မြင်းခြံ ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရသာကျေးရွာ၌ တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှထုတ်လုပ် သော လယ်ယာသုံးစက်ကိရိယာများ စွမ်းအင်ပြပွဲနှင့် ရောင်းချပွဲကို ဇွန် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ပြပွဲတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက တောင်သူများလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းသမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌက သမဝါယမလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီ တာဝန်ခံက ရောင်းချမည့်လယ်ယာသုံးစက်ကိရိယာများ၏ အသုံးပြုနည်းနှင့် ထိန်းသိမ်းနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထွန်စက်မောင်းနှင်၍ ထွန်ယက်စွမ်းအင်ကို လက်တွေ့ပြသရာ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည် ။



ပြပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး သမဝါယမအသင်းဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ရသာကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ပြပွဲအပြီးတွင် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဒေသခံတောင်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ပြပွဲကျင်းပ

**ကွမ်းခြံကုန်း ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာ အထက အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ် စာစောင်ပြပွဲကို ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပညာရေးမှူးနှင့် ပြန်/ဆက် ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးစိန်သွေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်စိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် မှုခင်းများအကြောင်း၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်များ ပြပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကာ ပြန်/ဆက် ဦးစီးဌာနမှ ပြုလုပ်သည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာလျက်ရှိ

**ကျောက်ပန်းတောင်း ဇွန် ၂၄**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရနိုင်စေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို မြို့နယ်အသီးသီးရှိ ရပ်ကွက်ကျေးရွာများ၌ ထုတ်ပြန်ကြေညာလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း မြို့ပေါ်ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအုပ်စု ၁၀၉ အုပ်စုတို့တွင် ဇွန် ၂၂ ရက်မှစ၍ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာထားပြီဖြစ်ကြောင်း သိရသည်။



"ဒီစာရင်းက အခြေခံစာရင်းပါ။ လိုအပ်ချက်ရှိတာတွေကို ပြန်လည်ပြင်ဆင်ရဦးမှာပါ။ ရပ်ကွက်ထဲမှာရှိတဲ့ နယ်မြေခွဲအလိုက် စာရင်းပြုစုပေးထားတာဆိုတော့ ရှာဖွေရတာ လွယ်ပါတယ်။ လိုအပ်ချက်ရှိတာ၊ မဲစာရင်းမှာ အမည်မပါတာတွေနဲ့ ကွဲလွဲနေတာတွေကိုတွေ့ရင် သက်ဆိုင်ရာကာယကံရှင်က ချက်ချင်းအသိပေးအကြောင်းကြားနိုင်အောင် ရုံးမှာ ကျွန်တော်တို့ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်တွေကလည်း တစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိနေမှာပါ။ ပြင်ဆင်ဖို့လိုအပ်တယ်ဆိုရင် သတ်မှတ်ပုံစံတွေကို ထုတ်ပေးပြီး၊ ၁၄ ရက်အတွင်း ပြန်လည်လျှောက်ထားဖို့ အသိပေးကြေညာထားသလို လက်ကမ်းစာစောင်တွေလည်း ဖြန့်ဝေထားပါတယ်။ နောက်ပြီးပညာပေး ဗီနိုင်းပိုစတာတွေလည်း လူမြင်ကွင်းတွေမှာ လိုက်ကပ်ထားပါတယ်" ဟု မြို့မရပ်ကွက်မှ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ကျော်က ပြောသည်။

ထုတ်ပြန်ကြေညာထားသော စာရင်းအရ ကျောက်ပန်းတောင်းမြို့နယ် တစ်ခုလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကျား ၁၀၀၃၂၀ နှင့် မ ၁၂၇၆၅၂၊ စုစုပေါင်း ၂၂၇၆၅၂ ရှိကာ မဲရုံပေါင်း ၃၈၆ ရုံ ဆောက်လုပ်သွားရန် လျာထားချက်ထားရှိကြောင်း သိရသည်။

**နေအောင်(iprd)**

# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆားလင်းကြီး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၂) ရပ်ကွက် အောက်ကျင်းရပ်၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဇွန် ၂၂ ရက်က တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ဆားလင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်အတွင်းရှိ နေအိမ် ၈၉ အိမ်၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးနှင့် ခြင်နှိမ်နင်းရေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**





# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**တာချီလိတ် ဇွန် ၂၄**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ပညာကမ္ဘာကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၂၂ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေအုံက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှဌေးက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်တို့က အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသားကျောင်းသူများထံ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ပြသထားသည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကျောင်းသားကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြသည်။

**ဝေယံလင်း(iprd)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဇွန် ၂၄**

တာချီလိတ်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ လူကုန်ကူးမှုတားဆီးရေးနှင့် တိုက်ဖျက်ရေး ရဲတပ်ဖွဲ့စိတ်(၁)နှင့် World Vision International Myanmar တို့ ပူးပေါင်း၍ တာချီလိတ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆန်ဆိုင်း(ခ)ရပ်ကွက် ဇန်းမွန်အာခါဟိုတယ်အစည်းအဝေးခန်းမ၌ ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဦးစီးမှူး ဒေါ်ရီရီခိုင်က ကော်မတီများ၏ လုပ်ငန်းတာဝန် ဝတ္တရားများအကြောင်း၊ လူကုန်ကူးမှုတားဆီးရေးနှင့် တိုက်ဖျက်ရေး ရဲတပ်ဖွဲ့စိတ်(၁) မှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးရင်ရင်အေးက ကလေးသူငယ် လူကုန်ကူးမှုတားဆီးရေးနှင့် တိုက်ဖျက်ရေးရဲတပ်ဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ World Vision International Myanmar မှ တာချီလိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေး စီမံချက် မန်နေဂျာ ဒေါ်နန်းခမ်းခေါင်က တာချီလိတ်မြို့နယ်အတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်များနှင့် ကြုံတင်ပြင်ဆင်သည့် အစီအစဉ်များ အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာချီလိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေး စီမံချက်အတွင်း ပါဝင်သောဒေသများမှ ကလေးသူငယ်များ၏ ရင်ဖွင့်သံမှတ်တမ်း ဗီဒီယိုများကို ပြသခဲ့သည်။

ယင်းနောက် World Vision Myanmar မှ အလယ်ပိုင်းဒေသဇုန် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး နည်းပညာတာဝန်ခံ ဒေါ်မွန်မွန်အောင်က ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာပါက အစီရင်ခံစာပေးပို့ခြင်းနှင့် အရေးယူခြင်းများကို မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပံ့ပိုးမှုဖြင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသော တာဝန်ရှိသူများ၊ ရပ်ကွက်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ကလေးငယ်များ၊ အသင်းအဖွဲ့များက ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပြဿနာများကို အစုအဖွဲ့အလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ခံ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူးက အကြံပြုချက်များနှင့် ပတ်သက်၍ သုံးသပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲသို့ မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီခိုင်၊ World Vision International Myanmar မှ တာဝန်ရှိသူများ၊ ဝေါလ်ဗွီရှင်(မြန်မာ)မှ စီမံချက်မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**



**ရေစကြိုမြို့နယ်တွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် ဇွန် ၂၀ ရက်က စက်ရေတွင်းတူးဖော်ပေးနေစဉ်။**(ရေစကြိုမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ စက်ရေတွင်း ၁၀ တွင်းနှင့် တွင်းတိမ် နှစ်တွင်းတူးဖော်သွားမည်ဟု သိရသည်။)

**ဖေထွဏ်းဇော်(ရေစကြို)**

# အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများဖွင့်

**လောင်းလုံး ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ၌ လက်သမား၊ ပန်းရံနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာသင်တန်းများကို ဇွန် ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက်အရ သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးချို၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်း၊ မြို့နယ်ဦးစီးဌာနမှူး ဒေါ်စိုးစိုးသီနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ စတင်ကြေညာ

**မောင်တော ဇွန် ၂၄**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူ မဲစာရင်းများကို ကျေးရွာရပ်ကွက်ပြည်သူများသိရှိစေရန် ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၏ ညွှန်ကြားချက်ဖြင့် မောင်တောခရိုင် မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန် ၂၂ ရက်မှစ၍ ကြေညာထားကြောင်း သိရသည်။

မောင်တောမြို့နယ် မြို့ပေါ်ရှိ မြို့မအရှေ့ရပ်ကွက်၊ မြို့မအနောက်ရပ်ကွက်၊ မြို့မတောင်ရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်များနှင့် (၄)မိုင်ကျေးရွာတို့တွင် မဲစာရင်းများ ကြေညာထားပြီး ရပ်ကွက်ကျေးရွာများရှိ ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုကြရန်နှင့် မဲစာရင်းတွင် အမည်မပါရှိသေးပါက လာရောက်ဖြည့်စွက်လျှောက်ထားရန်တို့ကိုလည်းကောင်း၊ မှားယွင်းမှုများပါရှိပါကပြင်ဆင်လျှောက်ထားရန်လည်းကောင်း၊ သေဆုံးသူများ၊ ပြောင်းရွှေ့သွားသူများမဲစာရင်းတွင်ပါရှိပါက ပယ်ဖျက်ရန်လည်းကောင်း ရပ်ကွက်များအတွင်းသို့ အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးကြေညာလျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**








*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အပေါ်စီး အမြင်သစ် ၇၈ လမ်းမ

**ဆူးငှက်**

မန္တလေးသားတွေက "၇၈"လမ်းပေါ်က ဘူတာရုံကို "ဘူတာကြီး"ဟုပဲ ခေါ်ကြသည်။ "ဘူတာကြီး" ဆိုသောစကား မန္တလေးသားတိုင်း ကျွမ်းဝင်နေကြသော်လည်း "ဘူတာကြီး"ရှိလျှင် "ဘူတာလေး" ရော ရှိဦးလေမည်လောဟူ၍ကား စဉ်းစားမိကြလေမည်မဟုတ်။



တကယ်တော့ "ဘူတာလေး" ရှိသောကြောင့် "ဘူတာကြီး"ဟူ၍ အမည်တွင်ခြင်းပင်ဖြစ်သည်။ "ဘူတာလေး" ဟူသည် အဘယ်မှာလေနည်း။

ရှေးသရောအခါက မန္တလေးမြို့၏ မြောက်ဘက် (၂၇) မိုင်ဝေးသောမတ္တရာမြို့သို့ ယခုလိုမော်တော်ကားလမ်းမပေါက်။ ရွှေတချောင်းမြောင်းမှ ရေရှင်စီးပြီး လှေဖြင့်သာသွားလာကြရသည်။ မတ္တရာမှ အုန်း၊ ငှက်ပျော၊ ကွမ်းစသည့် ဒေသထွက်ကုန်များ တင်လာသည့် လှေကလေးများသည် ယခုဈေးချိုဝက်သားရုံနားအထိ ဆိုက်ကပ်ကာ ကုန်များတင်ချကြ၏။ ရွှေတချောင်းသည်လှေလောင်းတို့ စုန်ဆန်ကူးသန်းရာ ဖြစ်သောကြောင့် ရွှေတချောင်းဖြတ်သော တံတားတိုင်းသည် လှေရွက်တိုင်လွတ်အောင် ခုံးတံတားချည်း တည်ဆောက်ထားကြရလေသည်။ ကိုးတာဒီဘိုးလမ်းက တံတားကြီးမှာမူ သစ်လုံးနတ်ရုပ်ကြီးခြောက်ရုပ် ထွင်းထားသောကြောင့် ရုပ်စုံတံတားဟု ခေါ်၏။

မတ္တရာမြို့ကို ရွှေတချောင်းမှရေလမ်းဖြင့်သာ သွားလာ၍ရသောအခါ မီးရထားဖြင့်လည်း သွားလာနိုင်အောင် ပုဂ္ဂလိကတစ်ဦးက မီးရထားလမ်းဖောက်လုပ်ခဲ့လေသည်။ ထူးခြားသည်မှာ သူ့မီးရထားလမ်း သူ့မီးရထားက လက်ရှိအသုံးပြုပြေးဆွဲနေသော မီးရထားလမ်း မီးရထားတွဲတို့ထက် ကျဉ်းမြောင်းသေးငယ်သည်။ "သံလမ်းလေး"၊ " မီးရထားလေး"ဟုပဲ ဆိုပါစို့။ ထိုမီးရထားလေးသည် မန္တလေးတွင် ယခုဈေးချိုတော်အနောက်ဘက် မန်းသီရိဈေးနေရာမှ စတင်ထွက်ခွာသည်။ ယခုမြို့တော်ခန်းမ(၂) အဆောက်အအုံကိုအနောက်ဘက်သို့ ခန်းမ(၃)အဖြစ် ဆက်လက်မတည်ဆောက်ခင်က ရွှေတချောင်းမြောင်းပေါင်တွင် ပြန်ကြားရေးစာကြည့်ခန်း အဆောက်အအုံလေးရှိခဲ့ဖူးသည်။ ထိုနေရာက မတ္တရာမီးရထားလေး၏ ဘူတာရုံဖြစ်ခဲ့ဖူးသည်ဟု ပြောစမှတ်ပြုခဲ့ကြ၏။

မတ္တရာရထားလမ်းလေးက ဘူတာမှထွက်ပြီး စိန့်ပီတာ ကျောင်းရှေ့ရောက်လျှင် ရွှေတချောင်းကိုဖြတ်သည်။ အနောက်ဘက်ကမ်းအတိုင်း သင်္ချိုင်းတော်၊ ညောင်ပင်ဈေး၊ နှင်းဆီခြံ၊ ကြံခင်းတံတား၊ ထိုမှ အရှေ့တက် ခဝါစု၊ ခဝါစုက အရှေ့တက် သူရဲဈေး၊ ရှမ်းဝိုင်၊ သပိတ်ကုန်း၊ မီးပါးဈေး၊ သူရဲတပ်ဂါတ်တဲ၊ အိုးဘို၊ ကပိုင်၊ တောင်ပြုံး၊ သလွန်ဖြူ လွန်တောင်း၊ ကျပ်ကုန်း၊ ဝါးရင်းတုတ်၊ ကပဲ့၊ ဘေးမဲ့မှ မတ္တရာအောက်ဆိပ်ကြီးကို ရောက်ပါသည်။

မီးရထားတွဲလေးက ခြောက်တွဲ ခုနစ်တွဲရှိသတဲ့၊ တစ်ခါတစ်ရံ ကုန်တွဲနှင့် ရှစ်တွဲရှိတတ်သည်။ စက်ခေါင်းက ထင်းမီးထိုး ရေနွေးငွေ့စက်ခေါင်း။ ရထားစက်ခေါင်းလေးတွင် ကြေးဝါဖြင့် မနှင်းဆီဟု စာလုံးရေးကပ်ထားသည်။ ထို့ကြောင့် မန္တလေးသားများက ထိုရထားလေးကို မနှင်းဆီရထားဟု ခေါ်ကြ၏။ မီးရထားပိုင်ရှင် မနန့်ဂျီဟူသော အိန္ဒိယအမျိုးသားကြီး နာမည်ကို ဗမာသံနှင့် မနှင်းဆီဟုခေါ်ရာမှ နာမည်တွင်သွားခြင်းဖြစ်သည်။

ထို့ကြောင့် မနှင်းဆီရထားလေး စတင်ထွက်ခွာသည့် ဘူတာကို "ဘူတာလေး" ဟုခေါ်ခဲ့ကြသည်။ ထိုအခါ အစိုးရပိုင် မီးရထားကြီးများ ဥဒဟိုဝင်ထွက်နေသည့် " ၇၈" လမ်းပေါ်က ဘူတာရုံကို "ဘူတာကြီး" ဟူ၍ တွဲဖက်ခေါ်ဝေါ်လာတော့၏။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၄၊ ၅ နှစ်ကပင် မနှင်းဆီရထားလေး ဖျက်သိမ်းလိုက်၍ ဘူတာလေး မရှိတော့သော်လည်း "ဘူတာကြီး" ဟူ၍ ခေါ်တွင်မှုကတော့ ယနေ့ထက်တိုင်ရှင်သန်နေဆဲပင် ဖြစ်လေသည်။

ရိုးသဘောဆန်ဆန် ပြောဆိုရမည်ဆိုလျှင် ဘူတာဆိုသည်မှာ ပို့ဆောင်ရေးလုပ်ငန်းများကို လက်ခံလုပ်ကိုင်သော (သို့မဟုတ်) သွားလာရေးစနစ်အရ ထွက်ခွင့်ပေးသော နေရာတစ်ခုခုကို ဆိုလိုသည်ဟု ဖွင့်ဆိုရပေမည်။

ဘူတာအမျိုးအစားကိုလည်း မြန်မာပြည်မီးရထားဌာနကြီးက "ဘူတာအမျိုးအစားဆိုသည်မှာ ဤနည်းဥပဒေများကို လမ်းပိုင်းဘူတာ (Block Station )နှင့် လမ်းပိုင်းဘူတာမဟုတ်သော ဘူတာ(Non Block Station) များဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ထားသည်" ဟု ဖွင့်ဆိုထားလေသည်။

လမ်းပိုင်းဘူတာဆိုသည်မှာ စက်ခေါင်းမောင်းသည် ၎င်း၏ရထားဖြင့် လမ်းပိုင်းအတွင်းသို့ ဝင်ရောက်နိုင်ရန်အတွက် သွားလာရေးစနစ်နှင့်အညီ ထွက်ခွင့်ယူရသည့် ဘူတာကို လမ်းပိုင်းဘူတာဟုခေါ်သည်။ လမ်းပိုင်းဘူတာကိုပင် သုံးမျိုးသုံးသား ခွဲခြားထားသေးသည်။ "က" အတန်းအစားဘူတာ ( "A" Class Station )၊ "ခ" အတန်းအစားဘူတာ ( "B" Class Station )၊ "ဂ" အတန်းအစားဘူတာ "C" Class Station ) ဟူ၍ ဖြစ်သည်။ "က" အတန်းအစားဘူတာက ရထားတစ်စင်းကို လက်ခံရန်ရည်ရွယ်ထားသောလမ်းသည် အတွင်းအချက်ပြမှ ရှေ့မိုင်အကွာအဝေးအထိ (သို့မဟုတ်) ထွက်အချက်ပြအထိ ရှင်းလင်းပြီးဖြစ်မှသာ ရထားတစ်စင်းအတွက် ချဉ်းကပ်ခွင့်ပေးနိုင်သော ဘူတာဖြစ်သည်။ "ခ" အတန်းအစားဘူတာက ဘူတာအတွင်း၌ ရထားတစ်စင်းကို လက်ခံရန် လမ်းမရှင်းသေးမီ ၎င်းရထားအတွက် ချဉ်းကပ်ခွင့်ပေးနိုင်သော ဘူတာဖြစ်၏။ "ဂ" အတန်းအစားဘူတာကမူ မည်သည့်ရထားမျှ ရပ်တန့်ရန်သတ်မှတ်ထားခြင်းမရှိသော လမ်းပိုင်းစခန်းများဖြစ်သည်။

လမ်းပိုင်းမဟုတ်သော ဘူတာများဆိုသည်မှာ လမ်းပိုင်းဘူတာနှစ်ခုအကြားတွင်ရှိသော ရထားရပ်သည့်နေရာများ(သို့မဟုတ်) ရပ်စခန်းများကို ခေါ်တွင်၏။ သူကလည်း သုံးမျိုးသုံးစားရှိသည်။

တွဲတင်ကြားဘူတာ (Out Lying Sioling )၊ ရပ်စခန်းဘူတာ (Rlay Station)၊ ရပ်စခန်း (Half ) ဟူ၍ဖြစ်၏။ တွဲများချိတ်ရန် ဖြုတ်ရန်အတွက် လမ်းမြောင်ရှိသောကြောင့် တွဲလုံးပြည့်ကုန်များကို လက်ခံတင်ပို့နိုင်ပြီး အခြားပို့ဆောင်ရေးလုပ်ငန်းအဝဝကိုလည်းဆောင်ရွက်ကာ တာဝန်ခံဘူတာစာရေး အုပ်ချုပ်လျှင် တွဲတင်ကြားဘူတာခေါ်သည်။ ရပ်စခန်းဘူတာက တွဲလုံးပြည့်ကုန်ပစ္စည်းများမှတစ်ပါး အခြားပို့ဆောင်ရေးလုပ်ငန်းအဝဝကိုဆောင်ရွက်ကာ တာဝန်ခံဘူတာစာရေး အုပ်ချုပ်သည်။ ရပ်စခန်းကမူ ခရီးသည် တက်နိုင်ဆင်းနိုင်သည်။ မီးရထားလက်မှတ်များကို ကန်ထရိုက်က ရောင်းသည်။ ကန်ထရိုက်မရှိလျှင် ရထားလိုက်လက်မှတ်စာရေး (သို့မဟုတ်) ရထားထိန်းများက ရောင်းသည်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***




**အမည်မှန်**

ဦးဆောက်စီး ၁၃/မဆတ(နိုင်)၀၁၄၅၁၄ ၏သမီး မူဆယ်မြို့၊အထက(၁)၊ အဋ္ဌမတန်း (င)မှ မချောက်ရမ်းစိန်အား အိမ်ထောင်စုဇယားအရ မရော်ဟားနားဟု ပြောင်းလဲခေါ်ပါရန်။ **မရော်ဟားနား**

**တစ်ဦးတည်းဖြစ်ကြောင်း**

မလှိုင်မြို့၊ အမှတ်(၇) ရပ်ကွက်နေ ဦးဖြိုးဝေ၏သမီး မသန်းစိန်(ခ)မသင်းသင်းနွဲ့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊စလင်းမြို့နယ်၊ ပန်းပြင်ရွာနေ မောင်အေးပိုချစ် တက္ကသိုလ်ဝင်တန်း(E)၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း(ခ)ဦးပေါက်စ ဖြစ်ပါသည်။ **ဦးတင်မောင်ဝင်း(ခ)ဦးပေါက်စ ၈/စလန(နိုင်)၁၀၈၈၃၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၅၆၂ ဟုခေါ်တွင်သော အမှတ် ၅၆၂၊ ဗန္ဓုလလမ်း၊ ၃၀ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ် ဒေါ်ညွှန့်ရီ (AA-၁၀၁၅၁၉)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညွှန့်ရီကွယ်လွန်သဖြင့် ဦးမောင်မောင် ၁၂/ဒဂမ(နိုင်)၀၀၇၃၆၈ က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျန်းကိုျန်လွှာနှင့်ဇနီးသေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၇၈၈၊ မြေကွက်တည်နေရာအမှတ် ၁၇၈၈၊ ၈၅ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးကံသိန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကံသိန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခေါန်ဒင်း ၁/ဗမန(နိုင်)၀၆၆၀၈၉ မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁/က-၁၊ မြေကွက်တည်နေရာအမှတ် ၁/က-၂၊ ငွေကြာရုံရိပ်သာ၊ ပါရမီလမ်း၊ ဒေါ်ခေါန်ဒွဲ အမည်ပေါက် နှစ် ၆၀ ဂရန် (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် မြေအား အမည်ပေါက် မိခင်(ဒေါ်ခေါန်ဒွဲ)၊ ဖခင် (ဦးဖေါ်ယူခါး)တို့ ကွယ်လွန်သဖြင့် ဒေါ်ဘရစ်ဂျစ်ခါး ၇/ပမန(နိုင်)၀၁၆၄၇၇၊ ဦးခမ်းအောင် ၇/ကကန(နိုင်)၀၀၄၃၂၁၊ ဦးတူးဂျာ ၁/မကန(နိုင်)၀၁၄၂၅၀၊ ဒေါ်ထုလွန်(မ်) ၁၂/ဗတထ(နိုင်)၀၀၆၇၇၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမပေါ်ပေါက်ပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

# ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.A gr.Sc) ၅ နှစ်သင်တန်းအတွက် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၂၀၀ နှင့် အမျိုးသမီးဦးရေ ၂၀၀ စုစုပေါင်း ၄၀၀ လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၆၀နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ ဖြစ်ရမည်။

(င) လူတွေ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A4-Size) ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ)

(ခ) အမှတ်စာရင်း (မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(င) လိုင်စင်ဓာတ်ပုံ (၃)ပုံ

၆။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ် ဖြေဆိုရမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်။

(က) ၆-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီ - အင်္ဂလိပ်စာ ၂ နာရီမေးခွန်း

(ခ) ၇-၉-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီ - ဇီဝဗေဒ ၂ နာရီမေးခွန်း

၈။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း စစ်ဆေးမည်ဖြစ်၍ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့်စာစစ်ဌာနကို သေချာစွာ ရွေးချယ်ဖော်ပြရမည်။

(က) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်

(ခ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(မကွေးနယ်မြေ) မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

(ဂ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(အောင်ပန်းနယ်မြေ)၊ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့

(ဃ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(လှည်းကူးနယ်မြေ)၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့

၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဤတက္ကသိုလ်ဝင်ခွင့်လျှောက်ထားပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးကို ရှေးရှု၍ ဦးစားပေး လက်ခံပေးမည်။

၁၀။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း လိပ်မူ၍ ၃၀-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၁၁။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို ဤတက္ကသိုလ်စာစစ်ဌာနနှင့် နယ်မြေစာစစ်ဌာနအသီးသီးတွင် အချိန်မီထုတ်ပြန်ကြေညာပေးမည်။ ဖြေဆိုခွင့်ရရှိသူများသည် ဖြေဆိုမည့်ရက်မတိုင်မီ အနည်းဆုံး တစ်ရက်ကြိုတင်၍ မိမိတို့ဖြေဆိုမည့်စာစစ်ဌာနတွင် သတင်းပေးပို့ကာ ဖြေဆိုခွင့်လက်မှတ်များ ထုတ်ယူကြရမည်။

၁၂။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်တွင် စစ်ဆေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာပါမည်။ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၃။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၄။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂ နှင့် ၀၆၇-၄၁၆၅၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**

**၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ**

[ဓာတ်ပုံကပ်ရန်]

၁။ အမည် (အပြည့်အစုံ) ------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------

၂။ မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်) ------------------------------------------

၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် -------- ခုနှစ် -------- စာစစ်ဌာန-----------

၄။ လူမျိုး --------------- ကိုးကွယ်သည့်ဘာသာ --------------------------

၅။ အမြဲနေထိုင်သောလိပ်စာ ------------------------------------------

၆။ ဆက်သွယ်ရန်လိပ်စာ ------------------------------------------

၇။ ဖခင်အမည် ------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
အလုပ်အကိုင် ------------------------------------------
မိခင်အမည် ------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
အလုပ်အကိုင် ------------------------------------------

၈။ ရေးဖြေစာမေးပွဲဖြေဆိုလိုသော စာစစ်ဌာန ------------------------------
(နေပြည်တော်၊ ရေဆင်း(သို့မဟုတ်) မကွေး(သို့မဟုတ်) အောင်ပန်း(သို့မဟုတ်) လှည်းကူးစာစစ်ဌာနတစ်ခုတည်းသာ ဖော်ပြရန်)

၉။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ------------- --------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ ------------- -----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၆၆ကေဗွီ၊ ၃၃ကေဗွီ၊ ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလိုင်းပစ္စည်း၊ ခွဲရုံပစ္စည်းများနှင့်ကွန်ကရစ်တိုင်များအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူခြင်း၊ ခွဲရုံတည်ဆောက်ခြင်း၊ ဓာတ်အားထိန်းချုပ် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၇-၇-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၆၆၈၄၅၊ ၀၂-၇၃၈၀၁၊ ၀၉-၉၇၇၂၈၀၁၁၂၊ ၀၉-၉၇၇၂၈၀၁၁၄**

---

## (YGN)ကား ရောင်း/ငှားမည်

၁။ AD VAN (ဖြူ)ပစ္စည်းစုံ
ရောင်း ၇၁/ငှား သုံးသိန်း

၂။ ခွေးဘီလူး(ငွေ) Auto,AC,PS
ရောင်း ၅၆/ငှား ၂.၅သိန်း

**ဖုန်း-၀၉-၅၁၆၄၂၈၅**

---

## မွေးသက္ကရာဇ်အမှန်

ဦးထွန်းမြင့်အောင်၏သား လားရှိုးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ထက်နိုင်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၇-၁၉၉၉ ဖြစ်ပါသည်။ **ဦးထွန်းမြင့်အောင်**

---

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အမှတ်၁ရပ်ကွက်(မန့်ခမ်း)နေ အထက(ခွဲ)ဟိုနောင် အဋ္ဌမတန်း(က)မှ လွေးခမ်းအေး၏ဖခင်အမည်မှန်မှာ ဦးလုမ်အောင် ၁၃/နခန(နိုင်)၀၁၂၉၇၉ ဖြစ်ပါကြောင်း။ **ဦးလုမ်အောင်**

---

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အမှတ် ၁ရပ်ကွက်(မန့်ခမ်း)နေ လားရှိုးတက္ကသိုလ် စတုတ္ထနှစ်(အင်္ဂလိပ်)မှ လွေးခင်သန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးလုမ်အောင် ၁၃/နခန(နိုင်)၀၁၂၉၇၉ ဖြစ်ပါကြောင်း။ **ဦးလုမ်အောင်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No. 05/DHPI/Lab Equipment/ 2015-2016**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ RCC Trial Mix ဖျော်စပ်ရာတွင် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးစမ်းသပ်မှုပစ္စည်းများအား D.D.P( Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၃-၇-၂၀၁၅ ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက် ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၉၃၂၂၇၈၄၊ ၀၉-၄၅၀၅၃၉၂၄၈**

---

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

# အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း (Sludge Oil)များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက်** - ၇-၇-၂၀၁၅ (အင်္ဂါနေ့)
**အချိန်** - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ)ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် SCADA, EMS နှင့် ချိတ်ဆက်အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ပူတာအို)တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Computer Table | (၃၀)လုံး |
| (၂) | Cupboard (Steel, Glass Door) Dimension (6'-3'-1.5') | (၄)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၇-၇-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) ဖုန်း-၀၉-၈၄၀၀၃၀၂ နှင့် ၀၉-၄၄၄၀၄၂၆၈၂ တို့တွင် စုံစမ်းနိုင်ပါသည်။

**ပရိဘောဂပစ္စည်းများဝယ်ယူရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)**
**ဖုန်း-၀၉-၈၄၀၀၃၀၂၊ ၀၉-၄၄၄၀၄၂၆၈၂**

---

## သူနာပြုတက္ကသိုလ်-မန္တလေး

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်-မန္တလေး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဝယ်ယူခွင့်ရရှိသော ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ ရေပိုက်ပစ္စည်းများ၊ လျှပ်စစ်အပိုပစ္စည်းများ၊ Generator(150 KVA)(3 Phase) ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ/ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သူနာပြုတက္ကသိုလ်-မန္တလေးရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၆-၂၀၁၅ ရက် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၇-၇-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂-၈၁၂၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သူနာပြုတက္ကသိုလ်-မန္တလေး**

---

# မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀**

---

## အမြန်ရောင်းမည်

သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ် ၁၁၄၊ ဒုတိယထပ် သုံးလွှာ (၁၂½'×၅၀')တစ်ခန်း၊ အခန်းပြည့်ကြွေပြားခင်းပြီး (ဘေစင်၊ မီးဖိုခုံအပါ) (လူနေရန်အသင့်၊ B.C.Cကျပြီး) (ညှိနှိုင်းဈေး)။

သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အမှတ် ၁၉၀ မြေညီထပ်၊ (၁၂½'×၅၀')၊ အခန်းပြည့်ကြွေပြားခင်းပြီး (လူနေရန်အသင့်၊ B.C.Cကျပြီး) (ညှိနှိုင်းဈေး)။

မရမ်းကုန်းမြို့နယ်၊ ၁ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ်(၅၉၉) မြေညီ(ထပ်ခိုးပါ) (၁၂½'×၅၀')အိမ်သာ၊ ရေချိုးခန်း၊ ဘေစင်၊ မီးဖိုခုံကြွေပြားကပ်ပြီး(လူနေရန်အသင့်) (ညှိနှိုင်းဈေး)။ အဆိုပါတိုက်ခန်းများအား ကန်ထရိုက်တာကိုယ်တိုင် အမြန်ရောင်းချလိုပါသည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ **ဖုန်း-၄၂၀၂၅၀၅၁၆**

ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်
စီမံခန့်ခွဲရေးဦးစီးဌာန
ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်း များဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) Machiney and Equipment ၃၀ မျိုး
(၂) Office Equipment ၃ မျိုး
(၃) Office Machinery and Equipment ၂ မျိုး
(၄) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ အရပ်ရပ်သုံး ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၆-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၂၂-၇-၂၀၁၅ ရက် ၁၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် ဖုန်း-၀၁-၉၆၉၀၄၈၅ နှင့် ၀၁-၉၆၉၉၈၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မုံရွာခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

ဦးကျော်ဆွေ **နှင့်** ၁။ ဒေါ်စန်းရီ
၂။ မစန်းယုနွယ်
၃။ ဦးမြင့်သောင်းထွန်း

**တရားလို** **တရားပြိုင်များ**

၁။ ဒေါ်စန်းရီ၊ ပြည်ထောင်စုလမ်း၊ အ·လ·က(၄)အနီး၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂။ မစန်းယုနွယ်၊ (၁) တရားပြိုင်၏သမီး ပြည်ထောင်စုလမ်း၊ အ·လ·က(၄) အနီး၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၃။ ဦးမြင့်သောင်းထွန်း၊ (၁) တရားပြိုင်၏ခင်ပွန်း ပြည်ထောင်စုလမ်း၊ အ·လ·က(၄)အနီး၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက စုကြေးနှင့်ချေးငွေများရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မုံရွာခရိုင်တရားရုံး**

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၇**

**ဦးဇနိန္ဒ** **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဘဝနတ်ထံပျံလွန်တော်မူသော ဆရာတော် ဦးပညောဘာသာဘိဝံသ၏ သံဃိကလက်ကျန်ငွေများကို ဘုရားကြီးတိုက်အတူနေ ဦးဇနိန္ဒမှ ဘဝနတ်ထံပျံလွန်တော်မူသော ဆရာတော် ဦးပညောဘာသာဘိဝံသ၏ငွေများ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်း ဘဝနတ်ထံပျံလွန်တော်မူသော ဆရာတော်ဦးပညောဘာသာဘိဝံသ၏ ကျန်ရစ်သောဝတ္ထုငွေအပေါ်၌ ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်)တွင်လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူဦးဇနိန္ဒ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။ **(ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## မွေးနေ့ဆုတောင်း

**ဦးသန့်ဇင်(ချောင်းဦး)**

ဦးဦး ဦးသန့်ဇင်(ချောင်းဦး)၏ ၂၅-၆-၂၀၁၅ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့မှသည် နောင်စိန်ရတုနှင့်မွေးနေ့နှစ်တစ်ရာတိုင်အောင် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

တူမ - မမေမြတ်နိုးပွင့်
တူ - မောင်မြတ်မင်းခန့်
တူ - မောင်လမင်းမြတ်
တူမ - မအင်ကြင်းမြတ်ပွင့်

## မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း

အဆင့်မြင့်ပန်းအလှပြုပြင်နည်းသင်တန်း(၁/၂၀၁၅)ဖွင့်မည်။

**နေ့ရက်** - ၆-၇-၂၀၁၅ ရက်မှ ၁၆-၇-၂၀၁၅ ရက်အထိ စနေ၊ တနင်္ဂနွေနေ့မပါ။
**နေရာ** - ပြည်သူ့ဥယျာဉ်အတွင်းရှိသင်တန်းခန်းမ။
**အချိန်** - မွန်းတည့် ၁၂း၀၀ နာရီမှ ညနေ ၃း၀၀နာရီအထိ
**သင်တန်းကြေး** - ၃၅၀၀၀ိ/-(သင်တန်းအထောက်အကူပစ္စည်းဖိုးမပါ။)
**မှတ်ချက်** - ၃-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ သင်တန်းကြေး ပေးသွင်းရန် လိုင်စင်ဓာတ်ပုံ(၂)ပုံယူလာရန်။

ဖုန်း-၀၉-၂၅၄၃၁၉၅၃၅၊ ၀၉-၄၂၁၀၉၈၁၄၆၊ ၀၉-၂၆၀၃၇၀၅၃၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀၈**

ဦးဂိုဘီ **နှင့်** ၁။ ဒေါ်ခင်လှ
၂။ ဦးမျိုးယဉ်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်မီးရထားဝင်း၊ လိုင်း(၈)၊ အခန်း(၄)နေ (၁) တရားပြိုင် ဒေါ်ခင်လှနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေမြို့နယ်(ခ)ရပ်ကွက်၊ ၁၆၅ လမ်း၊ အမှတ် (၅၂)နေ (၂) တရားပြိုင် ဦးမျိုးယဉ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းမြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မန်ဟောက်နျန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၄၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၃**

၁။ ဦးဘခင် **နှင့်** ၁။ ဦးမြင့်ထွေး
၂။ ဒေါ်ခင်ဆန်းဝေ အမှတ် ၃၃၊ သိပ္ပံလမ်း၊
(၄င်းတို့၏ကိုယ်စားလှယ်စာရသူ အလုံမြို့နယ်၊
ဒေါ်စုစုခင်) ရန်ကုန်တိုင်းဒေသကြီး။
၂။ ဒေါ်ထားထားလွင်
တိုက်(၁၀)၊ အခန်း(၁၀)
ဝေဠုဝန်အိမ်ရာ၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**တရားနိုင်** **တရားရှုံးများ**

(၁)ဦးမြင့်ထွေးနှင့် (၂)ဒေါ်ထားထားလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၄၂တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

(၇)ကြိမ်မြောက် အသုံးချအဘိဓမ္မာ(အင်္ဂလိပ်ဘာသာ)
**(Applied Abhidhamma in English)**

## သင်တန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇-အနောက်ရပ်ကွက်၊ ဆုလာဘ်ပြည့် ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ (ဂန္ထဝါစကပဏ္ဍိတ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဦးစီး၍ (Applied Abhidhamma in English Level 1,2,3)သင်တန်းများကို ၄-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၉ နာရီမှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၀း၃၀ နာရီအထိ ဓမ္မဒါန ပို့ချမည်ဖြစ်ပါ၍ တက်ရောက်လိုသူများသည် အသေးစိတ်သိလိုပါက ဖုန်း-၀၉-၂၀၀၆၈၆၄၊ ၀၉-၅၀၉၆၈၄၈၊ ၀၉-၃၁၂၇၈၃၈၀ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းသွင်းနိုင်ပါသည်။

**မင်္ဂလာဗျူဟာ(Course on Buddha Desanā)သင်တန်း**
ရွှေတိဂုံစေတီတော်၊ အာဇာနည်လမ်း၊ ဗဟန်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၌၊ (၂၇) ကြိမ်မြောက်၊ Course on Buddha Desanā အခြေခံ၊ အလယ်၊ အထက်တန်း အဆင့်တို့အား မြန်မာနှင့်အင်္ဂလိပ်ဘာသာ တွဲဖက်၍၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ပဋိပတ္တိဌာနမှ ပါမောက္ခ Dr. ဦးလှမြင့် က (၄-၇-၂၀၁၅) မှ (၉-၈-၂၀၁၅) အထိ အပတ်စဉ် စနေ, တနင်္ဂနွေနေ့တိုင်း နံနက် (၈း၀၀)မှ (၁၀း၀၀)နာရီအထိ 'ဓမ္မဒါန' သင်ကြားပို့ချမည် ဖြစ်ပါသဖြင့် သာသနာ ပြုလိုသော ရဟန်း, ရှင်, လူ မည်သူမဆို ကုသိုလ်ပြု တက်ရောက်သင်ယူနိုင် ကြပါသည်။
(သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပါမည်။)
အမှုဆောင်အဖွဲ့၊ ၃၇၀၉၅၈

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အုန်းပင်တောကျေးရွာနေ မင်းစု အထက(ခွဲ)၊ သတ္တမတန်း (B)မှ မောင်ချမ်းမြေ့အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၉/တသန(နိုင်) ၁၃၇၅၈၈ ဖြစ်ပါကြောင်း။ **ဦးဇော်ဦး**

### အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အထက(၆)သတ္တမတန်း(ဌ)တွင် ပညာသင်ကြားနေသော (ဘ)ဦးခင်မောင်မြင့် ၁၂/ဒဂန(နိုင်)၀၀၂၄၈၁၏သမီး မသဲနန္ဒာဆု၏ အမည်မှန်မှာ မသဲနန္ဒာစု ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြောက်ဥက္ကလာပ အလက (၅) ဆဋ္ဌမတန်း (B) မှ မောင်နိုင်ကုဋေထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျင်ဝင်း(ခ)ဦးခင်မောင်ဦး ၁၂/လကန(နိုင်)၁၇၉၄၅၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အထက(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပဉ္စမတန်း(F)မှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၂/တမန(နိုင်)၀၁၉၃၂၂ ဖြစ်ပါသည်။
**ဦးတင်ဝင်း**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (G)မှ မခင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးပုလဲဆာမိ ၁၂/ဥကမ(ပြု)၀၀၀၃၃၇ ဖြစ်ပါကြောင်း။ **ဦးပုလဲဆာမိ**

### အမည်ပြောင်း

ဦးသက်နိုင်၏သား အထက (၅) မရမ်းကုန်းမြို့နယ် Grade 6(B) မှ မောင်အောင်မင်းခန့်အား မောင်လင်းသန့်နိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစံလှိုင် ၁၀/မလမ(နိုင်)၀၂၆၄၀၆ ၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

### မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့ အထက (၂) အဌမတန်း(B)မှ မမြတ်ပွင့်ဖြူ၏ မိဘအမည်မှန်မှာ ဦးရှန်သီးနှင့် ဒေါ်စန်းစန်းလှိုင် ဖြစ်ပါကြောင်း။
**ဦးရှန်သီး-ဒေါ်စန်းစန်းလှိုင်**

## အမျိုးနာမည် ဖြည့်စွက်ခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မရှိကထောင်ရပ်ကွက်၊ အိမ်အမှတ် ဘီ/၆၆ နေ ဦးမခေါ်တန်ဂွန်း၏သမီး မရွယ်ဆိုင်း ၁/မကန(နိုင်)၀၂၆၂၅၇ အား မမခေါ်ရွယ်ဆိုင်းဟု ခေါ်ပေးရန်။

### ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ရွာကြီးရွာ၊ အထက (ခွဲ) ဒုတိယတန်းမှ မောင်သာထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ၉/နထက(နိုင်)၁၅၂၁၄၀ ဖြစ်ပါကြောင်း။
**ဦးကျော်မင်းထွန်း**

### ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ရွာကြီးရွာ အထက (ခွဲ) နဝမတန်းမှ မောင်ကျော်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွန်း ၉/နထက(နိုင်)၁၂၃၀၀၂ ဖြစ်ပါကြောင်း။
**ဦးခင်မောင်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1361, Toyota Hilux,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မော်အေး ၁၂/မဂဒ(နိုင်)၀၁၇၆၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ဦးစောမိုးကျော် ၉/အမရ(နိုင်)၀၅၉၆၇၄၏ သမီးများမှ မခိုင်ခိုင်စိုး(ခ)ချမ်းချမ်းမောင်၊ မထူးထူးမောင် တို့သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသောကြောင့် သမီးများ အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **ဦးစောမိုးကျော်**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၄-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)၊ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊သဃ်န်းကျွန်းမြို့နယ်၊ဦးစိုးမြင့်+၁၏ဂရန့်သစ်တွင် ၁၂-၁/၂'×၂၀' အစား ၁၂-၁/၂'×၅၀' ဟုဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၄-၄-၂၀၁၄ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)ဒေါ်မြင့်မြင့်နွယ်၏ အမည်ပြောင်းတွင်လျှောက်ထားသူဒေါ်မြင့်မြင့်နွယ်အစားတန်ရှောက်ကင်(ခ)ဒေါ်မြင့်မြင့်နွယ်ဟုဖတ်ရှုပါရန်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

**ဦးအောင်သန်း**

**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ် ရပ်ကွက်၊ (၄)လမ်း၊ အမှတ် ၂၈ နေ (ဦးရွှေတုတ်-ဒေါ်စိန်ဖော့)တို့၏သား၊ ဒေါ်အိ၏ချစ်လှစွာသောခင်ပွန်း၊ဒေါ်မြစန်း (အထက-၆၊ ဗိုလ်တထောင်)၊ ဦးမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်ခင်အုန်းမြင့်၊ ဦးညွန့်ရွှေ-ဒေါ်ခင်နွယ်သန်း၊ဒေါ်သန်းသန်းစိုး(အလပြ၊ အထက-၃၊ မြို့မ)၊ ဒေါက်တာဇော်မင်းအောင်-ဒေါ်နန်းနီနီအေး၊ ဦးလှမျိုးအောင်-ဒေါ်ဆွေဆွေသန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၆-၂၀၁၅ ရက် (အင်္ဂါနေ့)နံနက် ၆း၃၀နာရီတွင် လက်ပံတန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၅ရက်(ကြာသပတေး နေ့) မွန်းလွဲ၂နာရီတွင်လက်ပံတန်းမြို့ အရှေ့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါ သည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၅ ရက်(တနင်္လာနေ့)နံနက်တွင်အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နီနီ**

**အသက် (၈၃) နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် (ငြိမ်း) ၏ဇနီး၊ ဟသ်ာနီကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဒေါ်အေးစုကြည်၏ မိခင်ကြီး ဒေါ်နီနီ အသက်(၈၃) နှစ်သည် (၂၁-၆-၂၀၁၅)ရက် မြန်မာစံတော်ချိန် နံနက်(၂း၃၀)မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာနှင့်
ကုမ္ပဏီဝန်ထမ်းများ
ဟသ်ာနီကုမ္ပဏီလီမိတက်

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နီနီ**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ငွေဝတ်မှုန်ရိပ်သာ၊ အမှတ် ၇၀ (န) နေ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသွင်မြင့်မောင်-ဒေါ်သီသီထွန်းတို့၏မိခင်ကြီး၊ ဦးစိုးသွင်ထွန်း-ဒေါ်လဲ့ရည်စိုးတို့၏ ဘွားဘွားကြီးသည် ၂၁-၆-၂၀၁၅ရက် စင်ကာပူဒေသ စံတော်ချိန် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီ**
**"စိန်ရွှေထိပ်တန်း" ဆောက်လုပ်ရေးကုမ္ပဏီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးချုပ်တင်ထွတ် (ငြိမ်း)**

**အသက် (၈၄)နှစ်**

ဒေါ်နီနီ၏ခင်ပွန်း ဗိုလ်မှူးချုပ်တင်ထွတ်(ငြိမ်း)သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စက်တပ်ဖွဲ့ဝင်အရာရှိများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးစိုးသိန်း B.A,B.L,B.I.S**

**ဒု-ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး(ငြိမ်း၊ စက်ရှင်တရားသူကြီး(ငြိမ်း)**

**အသက် (၈၄)နှစ်**

ဒေါက်တာမိုးဝင်းသိန်း၏ဖခင် ဦးစိုးသိန်းသည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**18th Batch B.D.S မှ သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်သန်း** (လက်ပံတန်း)

**အသက်(၈၈)နှစ်**

ဦးမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်၊ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန)-ဒေါ်ခင်အုန်းမြင့်၊ ဦးညွန့်ရွှေ-ဒေါ်ခင်နွယ်သန်း၊ ဒေါ်သန်းသန်းစိုး(အလပြ၊ အထက-၃၊ မြို့မ)၊ ဒေါက်တာဇော်မင်းအောင်-ဒေါ်နန်းနီနီအေး၊ ဦးလှမျိုးအောင်-ဒေါ်ဆွေဆွေသန်းတို့၏ ချစ်လှစွာသောဖခင် ဦးအောင်သန်းသည် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၆း၃၀ နာရီတွင် လက်ပံတန်းမြို့၊ မင်းရပ်ရပ်ကွက်၊ ၄လမ်း၊ အမှတ် (၂၈)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကြေး/မြေ မိသားစု လူမှုရေးအသင်းအမှုဆောင်အဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးကျော်မင်း** (မှော်ဘီ/ဇီးကုန်း)

**ရာသက်ပန်အသင်းဝင်၊ ဇီးကုန်းမြို့နယ်အသင်းဝင်အမှတ်(၄၃၅/၂၀၀၁)**

**အသက်(၇၃)နှစ်**

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နာယကကြီး၊ ဆရာမကြီး ဒေါ်မြင့်ခင်၏မောင် ရာသက်ပန် ဇီးကုန်းမြို့နယ်အသင်းဝင် ဦးကျော်မင်းသည် ၂၀-၆-၂၀၁၅ရက်တွင် မှော်ဘီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ၎င်း၏မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမိုးဦး**

**MD(Yangon Airport Group Co.,Ltd.)**

**အသက်(၅၂)နှစ်**

Yangon Airport Group Co.,Ltd. ၏ MD ဦးမိုးဦးသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Asian Wings Airways မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှစိန်**

**အသက် (၉၁)နှစ်**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်ဥမ္မာမိုးမြင့်၏မိခင် ဒေါ်လှစိန်သည် ၂၀-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှစိန်**

**အသက် (၉၁)နှစ်**

Hospitality and Catering Training Academy ၏ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဒေါ်ဥမ္မာမိုးမြင့်၏မိခင် ဒေါ်လှစိန်သည် ၂၀-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**HCTA သင်တန်းကျောင်းလုပ်ငန်းစီမံကိန်းအဖွဲ့နှင့်**
**HCTA သင်တန်းကျောင်းဝန်ထမ်းများ**

---

**ချင်းတွင်းအသင်း (ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်နီနီ အသက် (၈၃)နှစ်**

ချင်းတွင်းအသင်း (ရန်ကုန်)၏ နာယကကြီး (ဒု)ဗိုလ်ချုပ်ကြီးထွန်းကြည် (ငြိမ်း)၏ ဇနီး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးမြင့်ကြည်၏မိခင် ဒေါ်နီနီသည် (၂၁-၆-၂၀၁၅) ရက် တနင်္ဂနွေနေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နီနီ**

**အသက် (၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး ဒေါ်နီနီ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် များစွာဝမ်းနည်းပါသည်။

**ဦးစန်းမောင်(တန့်ဆည်)၊ မုံရွာမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နီနီ**

**အသက် (၈၃)နှစ်**

အဘဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး အမေနီ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်နိုင်ဦး-ဒေါ်ရွှေစင် မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ယဉ်နု (ပွဲ့နိတန်ဆာ)**

**အသက် (၇၄)နှစ်**

ဒေါက်တာထွန်းထွန်းဦး (နေခြည် သွားနှင့်ခံတွင်းဆေးခန်း)၏မိခင် ဒေါ်ယဉ်နုသည် ၁၄-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**18 th Batch B.D.S မှ သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဗိုလ်ကြီးညွန့်အောင် (ငြိမ်း-OTS 80) အသက် (၅၇) နှစ်သည် ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်နှင့်**
**သံလွင်ဌာနခွဲဝန်ထမ်းမိသားစုများ**

---

**ဒေါ်ရီရီ (သထုံ)**

**အသက် (၉၃)နှစ်**

သထုံမြို့၊ ဆေးရုံလမ်း၊ (၁၀၇)နေ (ဦးစံ-ဒေါ်ကြည်မြိုင်) (ကျောက်ရေတွင်းရော်ဘာခြံ)တို့၏ ဒုတိယသမီး၊ တောင်စွန်းမြို့ (ဦးဖိုးသိမ်-ဒေါ်အေးစိန်) (ပြည့်စုံဆန်စက်)တို့၏ သမီးချွေးမ၊ ၂၄၊ ခေမာသီလမ်း၊ သီရိရတနာရိပ်သာ၊ မိချောင်းကန်အပိုင်း(၃)၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးကျော်မြင့် (ကျောက်ရေတွင်းရော်ဘာခြံ)၏ဇနီး၊ ဦးခိုင်မြင့် (UMFCCI, CEC MRPPA S/G)-ဒေါ်ခင်မေကြည်၊ ဒေါ်မိမိမြင့် UNDP (U.S.A)၊ ဦးသက်မြင့်-ဒေါ်ခိုင်ခိုင်ဝင်းတို့၏မိခင် မောင်ကျော်သက်နိုင် (U.S.A)၊ မောင်ရဲဝင့်ကိုကိုဦး၊ မခိုင်ဆုရည်၊ မလဲ့ရည်ခိုင်၊ မောင်ဝဏ္ဏပြည့်ဖြိုးနိုင်၊ မောင်ကျော်စိုးဟန် (U.S.A)၊ မနှင်းအေးဝေ (U.S.A) တို့၏ အဘွား ဒေါ်ရီရီသည် ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သိန်းသိန်းဆွေ** (ဖြူး/ပွဲ့နိတန်ဆာ)

**ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန**

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၈၉၇)၊ ပင်လုံလမ်း၊ ၃၆ ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်းလွင် (ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂)စက်မှုဝန်ကြီးဌာန)၏ဇနီး၊ ပွဲ့နိတန်ဆာမြို့နေ (ဦးပု-ဒေါ်သောင်းရင်)တို့၏သမီး ရန်ကုန်မြို့နေ (ဦးစိန်လွင်-ဒေါ်အုံးသင်)တို့၏သမီးချွေးမ၊ Capt ကျော်စွာမြင့် (Myanma Ocean Win Co.,Ltd.)- ဒေါ်မေရီလွင်တို့၏မိခင်၊ Denial ကျော်စွာမြင့်၊ ဂျူးဂျူးကျော်စွာမြင့်တို့၏အဘွား၊ ဦးအောင်မြင့်လွင်-ဒေါ်မြင့်မြင့်လှိုင်၊ (ဒေါ်ခင်သိန်း)တို့၏ညီမ ဒေါ်သိန်းသိန်းဆွေသည် ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးချစ်ညွန့်-ဒေါ်ခင်အေးအေးမွန် (သထုံ)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမိုးဦး MD (Yangon Airport Group)**

**Board of Director - Air Myanmar Aviation Services Co.,Ltd.**

**အသက် (၅၂) နှစ်**

၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံကြီး၌ ဦးမိုးဦး ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းများ**
**Air Myanmar Aviation Services Co., Ltd.**

---

**(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း**

**ဦးခင်မောင်စိုး (လက်ထောက်အင်ဂျင်နီယာ)**

**မြန်မာ့မီးရထား**

**(၂၅-၆-၂၀၁၂ မှ ၂၅-၆-၂၀၁၅)**

ကျေးဇူးကြီးမားပြီး ဇနီးနဲ့သားများအပေါ်တွင် တာဝန်ကျေပွန်ခဲ့သည့် ခင်ပွန်း၊ ဖခင်ကြီး မိသားစုနှင့်ထာဝရခွဲခွာသွားသည်မှာ ၂၅-၆-၂၀၁၅ ရက်တွင် (၃)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ ယူကျုံးမရ စိတ်ဖြေမရ တမ်းတလျက် သတိရ၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုသည့်ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှအတမ်း ပေးဝေပါသည်။

**အမျှ-အမျှ-အမျှ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။**

**ချစ်ဇနီး - ဒေါ်အေးအေးဝင်း**
**သားကြီး - မောင်ပြည့်ဖြိုးဟိန်း**
**သားငယ် - မောင်သန်းထူး**
**၁၆၄/ခြောက်လွှာ(ဝဲ)၊ ၃၇ လမ်းအလယ်၊ ကျောက်တံတားမြို့နယ်**

---

**(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း**

**ဗိုလ်ကြီးဇင်မင်းထွန်း (DSA-49) (ကြည်း-၄၆၅၁၈)**

**Bc.Sc.Mc.Sc (Russia)**

**(၂၅-၆-၂၀၁၂ မှ ၂၅-၆-၂၀၁၅ )**

သား ဖိုးလမင်း အဖေနဲ့အမေကို နောက်ဆုံးနှုတ်ဆက်ကန်တော့ပြီး ကချင်ပြည်နယ်တစ်နေရာမှာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ခွဲခွာသွားတာ (၃)နှစ်ပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင်မေ့မရနိုင်ပါ။ သားအားရည်စူးပြီး ပြုခဲ့သမျှကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝက သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်ပြည့်စုံတဲ့ ဘုံဘဝကို ရောက်ပါစေ။

| | | | |
|---|---|---|---|
| **သားရေ** | **အမျှ-အမျှ-အမျှ (သာဓု၊ သာဓု၊ သာဓု)** | | |
| | **ဖေဖေ၊ မေမေ** | - | **ဦးအေးလွင်-ဒေါ်လှလှဌေး (သုံးခွမြို့မရဲစခန်း)** |
| | **ကိုကြီး** | - | **ကိုနိုင်မင်းဦး-မစပယ်အေး (သုံးခွ)** |
| | **ကိုလေး** | - | **ကိုလှိုင်ဇင်ဦး-မနွဲ့နွဲ့စိုး (ကန့်ဘလူ)** |
| | **ညီလေး** | - | **ကိုကျော်မြင့်သိန်း-မဇင်မာလွင် (ဘားအံ၊ ထီလုံ)** |
| | **တူလေးများ** | - | **ဇာနည်လင်း၊ အာကာလင်း၊ အောင်မင်းသန့်** |

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး

သတင်း၊ စာ - ၉

# တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းလျက်ရှိ

သတင်း - ခြူးစန္ဒီနွေး၊ သိမ့်သိမ့်မိုး
ဓာတ်ပုံ- စွမ်းအင်

နေပြည်တော် ဇွန် ၂၄

ဓာတ်ငွေ့ပိုက်လိုင်းများ ဖြတ်သန်းရာဒေသတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးအတွက် ဒေသခံများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေး၊ သစ်တောများပြုန်းတီးမှု လျော့ပါးစေရေး၊ ရှားပါးတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး စီမံချက်များကိုကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁



# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၄

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုသောကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်မည့် သုံးရာသီအလှသဘာဝ၊ ခေတ်အလှနှင့်ယနေ့အလှ၊ သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ၊ အကယ်ဒမီ မေပန်းချီအငြိမ့် စသည့်အစီအစဉ်ပေါင်းစုံလင်စွာဖြင့် ဖျော်ဖြေပွဲကြီးအား ဇွန် ၂၆ ရက်တွင် အမျိုးသားကဇာတ်ရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Entertainment Channel မှ အဆိုပါနေ့ မွန်းလွဲ ၁ နာရီမှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အများပြည်သူကြည့်ရှုနိုင်ရန် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ကူဂျီရာမုန်တိုင်း ဗီယက်နမ်သို့ဝင်

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့(တောင်တရုတ်ပင်လယ်ပြင်)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း ကူဂျီရာ (Kujira)သည်ဗီယက်နမ်နိုင်ငံ ကမ်းခြေမြောက်ပိုင်းကို ဖြတ်ကျော် ဝင်ရောက်လျက်ရှိသည်။ (မိုး/ဇလ)

## ယနေ့ မာတိကာ


ဟောင်ကောင် ဒီမိုကရေစီရရှိရေးလှုပ်ရှားမှု အဆုံးသတ် စာ » ၄

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အဆိုပြုနှုန်းထား ယခုဇွန်လအတွင်း ထုတ်ပြန်မည် စာ » ၁၂

ယခုနှစ် ခရီးသွားရာသီတွင် နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်မည်ဟု ခန့်မှန်း စာ » ၁၄


# MNL အမှတ်ပေးပြိုင်ပွဲ ဇွန် ၂၇ ရက်စတင်မည်

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၂၄

၂၀၁၅ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် ၁၀ ကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများကြောင့် MNL အမှတ်ပေးပြိုင်ပွဲကို မတ်လဒုတိယပတ်ကတည်းက ရပ်နားခဲ့ခြင်းဖြစ်ပြီး သုံးလကျော်ကြာရပ်နားပြီးမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ် ၁၀ အဖြစ် ဇွန် ၂၇ ရက်တွင် YUSCကွင်း၌ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ မနောမြေအသင်းနှင့် နေပြည်တော်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ ဇွန် ၂၈ ရက်တွင် တောင်ကြီးကွင်း၌ ကမ္ဘောဇအသင်းနှင့် လက်ရှိချန်ပီယံ

စာမျက်နှာ ၇ ကော်လံ ၅



MNL ပြိုင်ပွဲ ၂၀၁၄ ရာသီက ရန်ကုန်နှင့် ဧရာဝတီတို့ တွေ့ဆုံယှဉ်ပြိုင်ခဲ့စဉ်။




RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905


R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS